# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၃ |
| ၆ | မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု သောက်သုံးရေ အထောက်အကူပြု နောင်ခိုက်လျှိုပိတ်တမံကြီး နုန်းဆယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | စိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာများတိုးတက်စေရန်၊ ဒေသခံ ပြည်သူများ လက်တွေ့လုပ်ကိုင်လာနိုင်စေရန် အတွက် Farmer's Field School Programme များဖြင့် အထူးစီမံချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၈ | သာစည်မြို့နယ်အတွင်းရှိ သက်သော့ဆည်ရေဝင်မြောင်းအား ပြန်လည်တူးဖော်ပေးရန်နှင့် တမံ(၁)နှင့်(၂) ကို ဆက်သွယ်သော မြောင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၉ | သနပ်ပင်မြို့နယ်တွင် တိမ်ကောလျက်ရှိသော ကမ်းပြို၊ နတ်ရေကန်၊ ကလိုင်၊ ကသဲကုန်း၊ ဝဲပြန်၊ ထောင်မင်း၊ မင်းရွာ၊ ကုက္ကိုတန်း၊ သနတ္တန်း၊ ကျူချောင်း၊ ဘော်ဘီ၊ ဝင်းဂဒက်နှင့် တမာတကွန်းချောင်း များအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၁၀ | တည်ဆောက်ပြီးနှစ်အနည်းငယ်အတွင်း ပျက်စီးသွားသော ဆည်မြောင်း၊ တာတမံများနှင့်ပတ်သက်၍ မည်ကဲ့သို့အရေးယူမှုများ ပြုလုပ်ပြီး | ၁၂ |

ပျက်စီးမှုကြောင့် စိုက်ပျိုး၍မရဖြစ်ခဲ့ရသော လယ်ယာမြေများနှင့် ပတ်သက်၍လည်း တောင်သူလယ်သမားများ၏နစ်နာမှုကို မည်ကဲ့သို့ ဖြေရှင်းပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ် များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း ၁၇

၁၂ ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသော သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ် ရယူထားမှု များ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့် ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာ မြေနှင့် အခြားမြေများသိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ များဖြင့် ပြန်လည်စိစစ် ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေး ခြင်း ၂၁

၁၃ ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၄

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၀

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၂–၁၁–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ ကော်မတီအဖွဲ့ဝင်များ အစားထိုး ဖွဲ့စည်းခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု သောက်သုံးရေအထောက်အကူပြု နောင်ခိုက် လျှိုပိတ်တမံကြီး နုန်းဆယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း

(ခ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၏ **စိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာများ တိုးတက်လာစေရန်၊ ဒေသခံပြည်သူများ လက်တွေ့ လုပ်ကိုင်လာနိုင်စေရန်အတွက် Farmer's Field School Programme**

**များဖြင့် အထူးစီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်အတွင်းရှိ သက်သောဲဆည် ရေဝင်မြောင်းအား ပြန်လည်တူးဖော်ပေးရန်နှင့် တမံ (၁) နှင့် (၂) ကို ဆက်သွယ်သောမြောင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်တွင် တိမ်ကောလျက်ရှိသော ကမ်းပြို၊ နတ်ရေကန်၊ ကလိုင်၊ ကသဲကုန်း၊ ဝဲပြန်၊ ထောင်မင်း၊ မင်းရွာ၊ ကုက္ကိုတန်း၊ သနတ္တန်း၊ ကျူချောင်း၊ ဘော်ဘီ၊ ဝင်းဂဒက်နှင့် တမာတကွန်းချောင်းများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၏ **တည်ဆောက်ပြီးနှစ် အနည်းငယ်အတွင်း ပျက်စီးသွားသော ဆည်မြောင်း၊ တာတမံများနှင့် ပတ်သက်၍ မည်ကဲ့သို့ အရေးယူမှုများ ပြုလုပ်ပြီး ပျက်စီးမှုကြောင့် စိုက်ပျိုး၍မရ ဖြစ်ခဲ့ရသော လယ်ယာမြေများနှင့် ပတ်သက်၍လည်း တောင်သူလယ်သမားများ၏ နစ်နာမှုကို မည်ကဲ့သို့ဖြေရှင်းပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော **“စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၈။ ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်က တင်သွင်းသော **“သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ် တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက် အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ် ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့် ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည် စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ခ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ဂ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ဃ) ဦးအောင်ကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၊

(င) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(စ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
## (၁၅)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
### (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)
### (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၀၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၄၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမြင့်သိန်း၊ ညောင်လေးပင်မဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၂ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၅ ဦးရှိပါတယ်။ ခွင့်ပန်ကြား သူ ကိုယ်စားလှယ်များကတော့-

(၁) မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ခွင့် ၂ ရက်၊

(၂) နန်းခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၂ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၃ ရက်၊

(၄) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၂ ရက်၊

(၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၆) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၃ ရက်၊

(၇) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊

(၈) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊

(၉) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၁၀) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဒွေးဝင်း ခွင့် ၃ ရက်၊

(၁၁) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင် ခွင့် ၁ ရက်၊

(၁၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၄) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၁ ရက်နှင့်

(၁၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါ တယ်ခင်ဗျား။ ယခင် ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ

ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များအစားထိုးဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားပါမယ်။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ လစ်လပ်သွားသော အဖွဲ့ဝင်နေရာ၌ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်တင်ဆွေဝင်းအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ လစ်လပ်သွားတဲ့အဖွဲ့ဝင်နေရာ၌ တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုးအား အဖွဲ့ဝင်အဖြစ်လည်းကောင်း အစားထိုးဖွဲ့စည်း မှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်း ခြင်းကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု သောက်သုံးရေအထောက်အကူပြု နောင်ခိုက်လျှိုပိတ်တမံကြီး နုန်းဆယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စုတွင် ဒေသခံပအိုဝ်တိုင်းရင်းသားကျေးရွာများ အဓိကမှီခိုအားတင်းသောက်သုံးနေရသည့် နောင်ခိုက်လျှိုပိတ်တမံကြီး ပြန်လည်ဆယ်ယူခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် သောက်သုံးရေရှားပါးခက်ခဲသည့် ပအိုဝ်ဒေသအတွက် မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စုတွင် နောင်ခိုက်လျှိုပိတ်တမံကြီးဆောင်ရွက်ပေးပါရန် တင်ပြတောင်းဆိုခဲ့ရာ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေချမှတ်ဆောင်ရွက်ပေးခဲ့ပါသည်။ မူလက ရေထွက်နဲ့တောင်ကျရေ ပေါင်းစပ်ထားသဖြင့် နုန်းအနည်များကျရောက်မှုများက ကောလုနည်းနည်းအနေအထားရှိခဲ့ပါသည်။ ယခုလက်ရှိတွင် တောင်ကျရေများကို ရေလွှဲမြောင်းဖြင့် တားဆီးကာရံပြီး လျှိုပိတ်တမံဖြင့်ရေလှောင်ထားပါသည်။ မူလတည်ဆောက်ရေးဆောင်ရွက်စဉ်က နွံတောများ၊ အမှိုက်တောများနှင့်နုန်းမြေများကုန်စင်အောင်မဖော်ထုတ်နိုင်ခဲ့ပါ။ ရေပြည့်ချိန်တွင် မြက်တောများထူထပ်စွာပေါက်ရောက်ပြီး ကန်ရေမှာ အနံ့အသက်မကင်းသောအနေအထားရှိပါသည်။ သို့သော် ပအိုဝ်ဒေသမှ ရွာသုံးရွာက ထိုလျှိုပိတ်ရေကိုသာ အဓိကသုံးစွဲနေကြရပါသည်။ ယခုနှစ်နွေရာသီတွင် ကန်ရေခန်းခြောက်မှုဆိုးရွားစွာဖြစ်ပေါ်လာသဖြင့် ရေပေးဝေနိုင်ခြင်းအနေအထားမရှိခဲ့ပါ။ ရေခန်းခြောက်ခြင်းနှင့်အတူ ကန်အတွင်းရှိနုန်းများ၊ နွံတောများဆယ်ယူလိုကြောင်း ဒေသခံများက တင်ပြကြပါသည်။ ကန်အတွင်း နုန်းဆယ်ထုတ်ခြင်းဖြင့် ကန်ရေပိုမိုသန့်ရှင်းကြည်လင်လာစေပြီး ရေသိုလှောင်မှုပမာဏလည်း ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် နောင်ခိုက်လျှိုပိတ်တမံ ရေလွှဲမြောင်းကျောက်စီနံရံထိန်းဆောင်ရွက်ခြင်းနှင့်အတူ နုန်းဆယ်ခြင်းလုပ်ငန်းများ ပူးတွဲဆောင်ရွက်ခွင့်ပြုပါရန်

တင်ပြအပ်ပါသည်။ အောက်ပါမေးခွန်းကိုလည်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်ခင်ဗျား။ မေးခွန်း(၁) မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု သောက်သုံးရေအထောက်အကူပြု နောင်ခိုက်လျှိုပိတ်တမံကြီး နုန်းဆယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကိုသိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့ မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု သောက်သုံးရေ အထောက်အကူပြု နောင်ခိုက်လျှိုပိတ်တမံကြီးနုန်းဆယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းနဲ့စပ်လျဉ်း၍ ပြန်လည်ဖြေကြားပေးပါမယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မောက်မယ်မြို့နယ်အတွင်းမှာရှိတဲ့ နောင်ခိုက်ဆည်ဟာ နောက်ခိုက်ရေထွက်အပေါ်မှာ ဒေသနေပြည်သူတွေရဲ့အစီအစဉ်နဲ့ မြေသားတမံပိတ်၍ တည်ဆောက်ထားတဲ့ဆည်တစ်ခုဖြစ်ပါတယ်။ နောက်ခိုက်ဆည်ကရေကို အနီးပတ်ဝန်းကျင်မှာရှိတဲ့ ပန်းတန်၊ လွယ်ကောင်း၊ ဖာစန်း၊ ပုံးအောင်းစတဲ့ ကျေးရွာများမှ ပြည်သူ ၁၅၀၀၀ လောက်က နေ့စဉ်သောက်သုံးရေအတွက် အားထားအသုံးပြုလျက်ရှိပါတယ်။ အဆိုပါ ဆည်အတွင်း တောင်ကျရေများစီးဆင်းဝင်ပြီး သဲနုန်းများပို့ချတိမ်ကောလာလျက်ရှိလာတာကြောင့် လွန်ခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေနဲ့ တောင်ကျရေတွေကိုတားဆီး ရေလွှဲထုတ်နိုင်ဖို့အတွက် ရေမြောင်းပေါင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့တဲ့အပြင် ဆည်ပေါင်မြှင့်တင်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

ယခုအခါမှာ ဆည်အတွင်းသဲနုန်းပို့ချမှုကြောင့် တိမ်ကောလျက်ရှိတဲ့အတွက် သဲနုန်းတူးဖော်ဖို့ ရေလွှဲမြောင်းပေါင်ရဲ့အလျား ၂၀၀ ပေခန့်ကို ကျောက်စီမြေထိန်းနံရံတည်ဆောက်ဖို့ လိုအပ်လျက်ရှိကြောင်း သိရပါတယ်။ ခန့်မှန်းကုန်ကျငွေကျပ်ကတော့ လုပ်ငန်းအားလုံးအတွက် ကျပ် ၉၅ သန်းခန့်ကုန်ကျမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ဆည်အတွင်းသဲနုန်းတူးဖော်ခြင်းနှင့် ရေလွှဲမြောင်းပေါင်ကို မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်ရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များမှာ ထည့်သွင်းလျာထားတောင်းခံခဲ့သော်လည်းပဲ ရန်ပုံငွေခွဲဝေရရှိမှုမရှိခဲ့တဲ့အတွက် အခုလာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ထပ်မံထည့်သွင်းတောင်းခံထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိလာပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ နည်းပညာနှင့် စက်ယန္တရားများအကူအညီ၊

အပံ့အပိုးများပေးပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့် အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာများတိုးတက်စေရန်၊ ဒေသခံပြည်သူများလက်တွေ့လုပ်ကိုင်လာနိုင်စေရန် အတွက် Farmer's Field School Programme များဖြင့် အထူးစီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမယ့် မေးခွန်းကတော့ လဟယ်မြို့နယ် ဒေသခံတောင်သူများ စိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာများ တိုးတက် စေရန်၊ လက်တွေ့လုပ်ကိုင်လာနိုင်စေရန်အတွက် Farmer's Field School တောင်သူလယ်ကွင်း သင်တန်းအစီအစဉ်များဖြင့် အထူးစီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းရတဲ့အကြောင်းအရင်းကို ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ တောင်တန်းဒေသမှာရှိကြတဲ့ မိဘပြည်သူတွေရဲ့ အဓိက အသက်မွေးဝမ်းကျောင်းကတော့ စိုက်ပျိုးရေး ဖြစ်ပြီး မိရိုးဖလာရွှေ့ပြောင်းတောင်ယာစနစ်ကိုသာ အဓိကထားလုပ်ကိုင်စားသောက်ကြရပါတယ်။ ဒီလိုရွှေ့ပြောင်းတောင်ယာစနစ်နဲ့သာ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စားသောက်လာကြတဲ့အတွက် လှေကားထစ်စိုက်ပျိုးခြင်းနဲ့ အခြားသီးနှံစိုက်ပျိုးခြင်းတွေကို လုပ်ကိုင်စားသောက်ဖို့ဆိုတာ အတွေ့ အကြုံနှင့်အခြေခံနည်းပညာပိုင်းမှာ များစွာနောက်ကျနေပြီဖြစ်ပါတယ်။ ဒီကြားထဲ ပြောင်းလဲလာတဲ့ ရာသီဥတုနှင့် များပြားလာတဲ့ပိုးမွှားများကြောင့် ဒေသအတွင်းဝမ်းစားဖူလုံမှုဟာ နှစ်စဉ်လျော့နည်း လာပြီး နှစ်တိုင်းအစာငတ်မွတ်ခြင်းကို ကြုံနေရပြီ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လှေကားထစ် လယ်ယာတွေအနည်းငယ် ဖော်ထုတ်ပေးတာတွေ၊ မျိုးကောင်းမျိုးသန့်ဖြန့်ဝေပေးတာတွေရှိပေမဲ့ စိုက်ပျိုးကြမည့်တောင်သူတွေကို အနီးကပ်လက်တွေ့ကျကျ နည်းပညာပံ့ပိုးပေးတာမရှိတဲ့ Top Down စနစ်ဖြစ်နေတဲ့အတွက် မထိရ၊ မအောင်မြင်တာတွေကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ပြည်သူ့ ကိုယ်စားလှယ်တွေကတော့ ကျေးရွာတိုင်းကို ကွင်းဆင်းတိုင်းမှာ လှေကားထစ်လယ်ယာတွေ ဖော်ထုတ် ပြီးတော့ စိုက်ပျိုးကြဖို့နဲ့ အခြားစီးပွားဖြစ်သီးနှံတွေကို စိုက်ပျိုးကြဖို့ အမြဲတမ်းတိုက်တွန်းအားပေး လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရရဲ့ စိုက်ပျိုးရေးမူဝါဒနှင့်အညီ ဒေသတွင်းဝမ်းစာဖူလုံလာနိုင်စေဖို့ စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားလာစေဖို့ သစ်တောပြုန်းတီးမှုလျော့နည်းလာစေဖို့ဆိုရင် တောင်သူ ဗဟိုပြုအစီအစဉ်တွေ ဖြစ်ဖို့လိုပါတယ်။ တစ်နည်းအားဖြင့် အစုအဖွဲ့နဲ့ ပူးပေါင်းလုပ်ဆောင်အဖြေရှာ နိုင်မည့် တောင်သူဗဟိုပြုအစီအစဉ်တွေဖြစ်ဖို့ များစွာအရေးကြီးလှပါတယ်။ FSF လို့ခေါ်တဲ့ တောင်သူ

ဆင့်ပွားသင်တန်း ဒါမှမဟုတ်ရင်လည်း တောင်သူလယ်ကွင်းသင်တန်းလို အစီအစဉ်မျိုးကို ကျွန်တော်တို့ ဒေသမှာအထူးစီမံချက်တစ်ခုအနေနဲ့ လုပ်ဆောင်ပေးနိုင်မည်ဆိုရင်တော့ အထိရောက်ဆုံးဖြစ်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ အကြောင်းကတော့ FSF အစီအစဉ်တွေဟာ စိတ်ပါဝင်စားတဲ့ တောင်သူ့အစုအဖွဲ့နှင့် သင်ကြားပို့ချသူတို့ဟာ အပတ်စဉ် ဒါမှမဟုတ် လစဉ်အတူတကွ စိုက်ကွင်းတွေမှာ လုပ်ရင်း၊ ကိုင်ရင်း၊ သင်ကြားရင်း၊ အသိပညာဖလှယ်ရင်း အဖြေရှာကြပြီးတော့ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ကြရတာဖြစ်ပါတယ်။ ဒီလို FSF နည်းကို အသုံးပြုခြင်းဖြင့် စားနပ်ရိက္ခာဖူလုံလာကြောင်း တောင်သူများအခြေခံစိုက်ပျိုးရေးနည်းပညာ တိုးပွားလာကြောင်း၊ သစ်တောပြုန်းတီးမှုလျော့နည်းလာကြောင်း၊ သီးနှံထွက်နှုန်းတိုးလာကြောင်း၊ မြေဆီထိန်းသိမ်းတတ်လာစေကြောင်း၊ သဘာဝမြေဩဇာပြုလုပ်ခြင်းနှင့် အသုံးပြုခြင်း ပိုမိုအားကောင်းလာကြောင်း၊ အစုအဖွဲ့နှင့်ပူးပေါင်းလုပ်ဆောင်တဲ့ စွမ်းရည်တိုးတက်လာကြောင်း၊ မိမိကိုယ်ကိုယ် မိမိယုံကြည်မှု အားကိုးမှုတိုးလာကြောင်းနှင့် ဘိမ်းစိုက်ပျိုးမှုတွင်လည်း လျော့ကျလာစေကြောင်းစတဲ့ အောင်မြင်တိုးတက်တဲ့ အတွေ့အကြုံတွေကို ရရှိကြောင်းကို လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့ အောင်မြင်တိုးတက်တဲ့ဒေသတွေ၊ နိုင်ငံတွေကို လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ဒေသက ဒေသခံတောင်သူတွေရင်ဆိုင်နေကြရတဲ့ စားနပ်ရိက္ခာမဖူလုံတာ၊ အခြေခံစိုက်ပျိုးရေးနည်းပညာအားနည်းတာ၊ သစ်တောပြုန်းတီးမှုများနေတာတွေ၊ သီးနှံထွက်နှုန်းကျနေတာတွေ၊ ဘိမ်းစိုက်ပျိုးမှုမစွန့်လွှတ်နိုင်သေးတာ အစုအဖွဲ့နှင့်ပူးပေါင်းလုပ်ဆောင်မှုအားနည်းနေတာ စတဲ့အခက်အခဲပြဿနာတွေ ရှိနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒီလိုပြဿနာတွေကို လျှော့ချနိုင်ဖို့ဆိုရင်တော့ FSF အစီအစဉ်တွေကို အစဉ်အဆက်မပြတ် အကောင်အထည်ဖော်လုပ်ဆောင်ကြရကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကမှတစ်ဆင့် မေးမြန်းလိုတာကတော့ လှေကားထစ်လယ်ယာစိုက်ပျိုးခြင်းနှင့် ကုန်းနိမ့်လယ်ယာစိုက်ပျိုးခြင်းတို့တွင် ဒေသခံတောင်သူများ စိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာတိုးတက်လာစေရန်၊ လက်တွေ့လုပ်ကိုင်လာနိုင်စေရန်အတွက် Farmer’s Field School Programme အဖြစ် အထူးစီမံ ချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် နှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်ပါမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်းကို ဒေသခံတောင်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာသိရှိလိုပါ၍ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်၏ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသ

ကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်မှာ ယခု ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း မိုးစပါးကို လယ်အဖြစ် ၅၅၂ ဧကစိုက်ပါတယ်။ တောင်ယာစိုက်ပျိုးမှုကတော့ ၃၅၂၇၂ ဧက ရှိပါတယ်။ တောင်ယာသီးနှံတွေအနေနဲ့ မိုးစပါး(တောင်ယာ) ၆၆၀၈ ဧက၊ အစေ့ထုတ်ပြောင်းကို ၁၇၀၀၀ ခန့်၊ မိုးနှမ်းဧက၂၅၀ ခန့်၊ ပဲမျိုးစုံဧက ၂၀၀၀ ကျော်၊ စားဖိုဆောင်သီးနှံဧက ၃၀၀ ကျော်၊ အခြားသီးနှံဧက ၈၃၀၀ ခန့်နှင့် နှစ်ရှည်သီးနှံအပါအဝင် သီးနှံစိုက်ဧကက စုစုပေါင်း ဧက ၃၅၂၇၂၂ ဧကကို တောင်ယာသီးနှံများအဖြစ် စိုက်ပျိုးကြပါတယ်။

လဟယ်မြို့နယ်အတွင်း လက်ရှိစိုက်ပျိုးလျက်ရှိတဲ့ ရွှေ့ပြောင်းတောင်ယာစနစ် စိုက်ပျိုးမှုကြောင့် သစ်တောပြုန်းတီးခြင်းကိုကာကွယ်နိုင်ဖို့၊ မြေဆီလွှာက အပင်အာဟာရဆုံးရှုံးမှုကို ထိန်းသိမ်းကာကွယ်နိုင်ဖို့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ဖို့အတွက် သီးနှံမျိုးစုံစိုက်ပျိုးနိုင်တဲ့ တောင်စောင်းစိုက်ပျိုးနည်းစနစ် Slopping Agricultural Land Technology (SALT) စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ဖို့ နည်းပညာပေးစံပြကွက်များ၊ စိုက်ခင်းများဆောင်ရွက်ရန် စီမံဆောင်ရွက်ထားလျက်ရှိပါတယ်။ ယခုလာမယ့် ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ သီးနှံစိုက်ပျိုးရာသီမှ တိုက်ရံကျေးရွာအုပ်စု၊ တိုက်ရံကျေးရွာမှာ ၅ ဧကနှင့် စံပြ ၄၉ မိုင်ကျေးရွာမှာ ၅ ဧက စုစုပေါင်း ၁၀ ဧကကို စံပြအဖြစ်ဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ လဟယ်မြို့နယ် ဂဟုန်း၊ အံ့ပေါ်၊ လန်ခင်၊ လောင်ငေါက်၊ တာလံနှင့် ထန်ပါခွေကျေးရွာတွေမှာ တောင်စောင်းစိုက်ပျိုးနည်းစနစ် နည်းပညာစိုက်ခင်းများကို ငါးနှစ်စီမံကိန်းတွေချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ခုနှစ် စိုက်ပျိုးရာသီမှာ ကျေးရွာအုပ်စု ၄ ခုမှာ စုစုပေါင်းဧက ၂၀၊ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ စိုက်ပျိုးရာသီမှာ ကျေးရွာအုပ်စု ၆ ခုမှာ စုစုပေါင်း ဧက ၃၀၊ ၂၀၂၁-၂၀၂၂ ခုနှစ် စိုက်ပျိုးရာသီမှာ ကျေးရွာအုပ်စု ၈ အုပ်စုအတွက် စုစုပေါင်းဧက ၄၀၊ ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီမှာ ကျေးရွာအုပ်စု ၁၀ အုပ်စုအတွက် စုစုပေါင်းဧက ၅၀ ကို နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားနိုင်ဖို့အတွက် လျာထားစီမံထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လဟယ်ဒေသခံပြည်သူများ စိုက်ပျိုးရေးကဏ္ဍမှာ နည်းပညာတိုးတက်လာစေဖို့နဲ့ လက်တွေ့လုပ်ကိုင်လာနိုင်စေဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့သလို Farmer's Field School များကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါ Farmer's Field School တွေမှာ တောင်စောင်းစိုက်ပျိုးနည်းစနစ်အရ အကောင်အထည်ဖော်စိုက်ပျိုးမယ့် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများအတွက်လည်း စိုက်ပျိုးနည်းစနစ်ဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practice-GAP) ရရှိနိုင်ဖို့အတွက်လည်းပဲ ပညာပေးဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

ထို့အတူ မျိုးကောင်းမျိုးသန့်သုံးစွဲဖို့ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ စနစ်တကျသုံးစွဲနည်းစနစ်အပါအဝင် သီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းစနစ်တွေကိုလည်း တိုင်းဒေသကြီးအဆင့် ကျွမ်းကျင်ပညာရှင်တွေက ၁ နှစ်မှာ ၄ ကြိမ်ခန့်၊ ခရိုင် အဆင့်ကျွမ်းကျင်ပညာ

ရှင်တွေက လစဉ်နှင့်ဒေသမှာရှိတဲ့ မြို့နယ်အဆင့်စိုက်ပျိုးရေးပညာရှင်တွေက ပညာပေးလုပ်ငန်းတွေကို ဒေသခံတောင်သူများနဲ့ အနီးကပ်ထိတွေ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်အတွင်းရှိ သက်သော့ဆည်ရေဝင်မြောင်းအား ပြန်လည်တူးဖော်ပေးရန်နှင့် တမံ(၁)နှင့်(၂)ကို ဆက်သွယ်သောမြောင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ သက်သော့ဆည်ရဲ့ရေဝင်တမံ(၁)နှင့် (၂)ကို ဆက်သွယ်ထားသောမြောင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်သော့ဆည်ဟာ သာစည်မြို့ရဲ့တောင်ဘက်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ ရေလှောင်တမံဟာ ရေဝင်အားကောင်းပြီး ရေထိန်းနိုင်မည်ဆိုပါက ပတ်ဝန်းကျင်မှာရှိတဲ့ လယ်ယာမြေများကို ရေပေးဝေနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သာစည်မြို့နယ်အတွင်းရှိ လယ်ယာမြေဧက ၁၅၅၉ ဧကနှင့် ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေ ၃၂၃ ဧကတို့ကို အကျိုးပြုတာဖြစ်ပါတယ်။ ယခုအခါ ရေလှောင်တမံကို တည်ဆောက်ခဲ့တာ ကြာမြင့်ပြီဖြစ်တဲ့အတွက် ရေဝင်မြောင်းတမံ (၁)နှင့်(၂)ကို ဆက်သွယ်ထားတဲ့မြောင်းတို့ဟာ တိမ်ကောလာနေပြီဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မင်းလှကန်၊ စမုံ-သက်သော့ဆည်တို့ဟာ ဒေသအတွင်းရှိ လယ်ယာမြေများကို အကျိုးဖြစ်ထွန်းနိုင်သော ဆည်ကန်များဖြစ်ပါတယ်။ တောင်သူများရဲ့ကိုယ်ကျိုးစီးပွားကို အထောက်အကူပြုပါတယ်။ သာစည်မြို့နယ်ဟာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှာရှိတဲ့အတွက် တောင်သူများဟာ ဆည်/ကန်များကိုသာ အားထားရပါတယ်။ ဆည်/ကန်များတည်ဆောက်ပြုပြင်ပြီး ရေဝေပေးနိုင်မှသာ စိုက်ပျိုးရေးအတွက်အောင်မြင်မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ သာစည်မြို့နယ်အတွင်းရှိ သက်သော့ဆည်ရေလှောင်တမံရဲ့ ရေဝင်မြောင်းတမံ(၁)နှင့်(၂)ကို ဆက်သွယ်ထားသောမြောင်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံတောင်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့မေးခွန်းနဲ့

စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းမှာဖော်ပြထားတဲ့ သက်သော့ဆည်ဟာ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဘုရားငါးဆူကျေးရွာရဲ့ အရှေ့တောင် ဘက်သက်သော့ချောင်းပေါ်မှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ သာစည်မြို့နယ်အတွင်းရှိတဲ့ ဆည်ရေသောက်ဧရိယာ ဧက ၂၅၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ဖို့နဲ့ ဒေသတွင်းသောက်သုံးရေ ဖူလုံစွာရရှိရန်ရည်ရွယ်ပြီးတော့ ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ သက်သော့ရေလှောင်တမံ(၁)ကို ဦးစွာတည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ သက်သော့ရေလှောင်တမံ(၁)ကရေကို ဆက်သွယ်မြောင်းနဲ့ လွှဲယူပြီး ရေသိုလှောင်ထိန်းသိမ်းမှုနှင့်အတူ စိုက်ပျိုးရေပေးဝေနိုင်ဖို့အတွက် ရေလှောင်တမံ (၂)ကို တစ်ဆက်တစ်စပ်တည်း တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ သက်သော့ရေလှောင်တမံအတွက် ရေဝင် ချောင်းဖြစ်တဲ့ သက်သော့ချောင်းဟာ သဲနုန်းပို့ချမှု အထိုက်အလျောက်ရှိသော်လည်းပဲ တမံအတွင်း ရေစီးဝင်မှုကို အဟန့်အတားဖြစ်လောက်တဲ့အထိ သဲနုန်းပို့ချမှုပမာဏ များပြားခြင်းမရှိတဲ့အတွက် သဲနုန်း တူးဖော်ရန် မလိုအပ်သေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး သက်သော့ရေလှောင်တမံ(၁)ကနေ တမံ(၂)ကို ရေကူးဖြည့်တင်းပေးတဲ့ ဆက်သွယ်မြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမယ်ဆိုလျှင် အဆိုပါဆက်သွယ်မြောင်းဟာ အလျားပေ ၅၃၀၀ ခန့်ရှိပါတယ်။ သဲနုန်းပို့ချမှုမှာ အတော်အသင့်ရှိသော်လည်း မြောင်းအစမှအဆုံးထိ မြေပြင်မြေနိမ့်အနေအထားနှင့် မြောင်းအရွယ်အစားအရ မူလဒီဇိုင်းပြုသတ်မှတ်ထားတဲ့ ရေထုထည် စီးနှုန်းပမာဏအတိုင်း ကောင်းမွန်စွာစီးဆင်းနိုင်တဲ့အတွက် လက်ရှိမှာ သဲနုန်းတူးဖော်ဆောင်ရွက်ဖို့ လိုအပ်မှုမရှိသေးကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ဆက်သွယ်မြောင်းအတွင်း ထည့်သွင်းတည်ဆောက်ထားတဲ့ ရေကျအဆောက်အအုံသုံးခုဟာ အဝင်ပိုင်းနှင့် အထွက်ပိုင်းတွေမှာ ပျက်စီးမှုရှိတဲ့အတွက် ၎င်းတို့ကိုတော့ ပြန်လည်ပြုပြင်ဖို့ လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်တဲ့အတွက် သက်သော့ရေလှောင်တမံ(၁)ရဲ့ ရေဝင်ချောင်းဖြစ်တဲ့ သက်သော့ချောင်းနှင့် တမံ(၁)မှ (၂)သို့ ဆက်သွယ်မြောင်းကို လက်ရှိအခြေအနေအရ သဲနုန်းတူးဖော်ရန် မလိုအပ်သေး ပါကြောင်းနှင့် ဆက်သွယ်မြောင်းပေါ်မှာရှိတဲ့ ရေကျအဆောက်အအုံသုံးခုအား ပြုပြင်ဖို့အတွက် အသေးစိတ်တိုင်းတာတွက်ချက်ပြီး လိုအပ်ရန်ပုံငွေကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေကနေ တောင်းခံထားမှုနဲ့အတူ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်တွင် တိမ်ကောလျက်ရှိသော ကမ်းပြို၊ နတ်ရေကန်၊ ကလိုင်၊ ကသဲကုန်း၊ ဝဲပြန်၊ ထောင်မင်း၊ မင်းရွာ၊ ကုက္ကိုတန်း၊ သနတ္တန်း၊ ကျူချောင်း၊ ဘော်ဘီ၊ ဝင်းဂဒက်နှင့် တမာတကွန်းချောင်း များအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။

သနပ်ပင်မြို့နယ်မှာ ပြုပြင်တူးဖော်ရန်ကျန်နေသေးတဲ့ ချောင်း၊ မြောင်းများကို တူးဖော်ပေးဖို့ မေးမြန်းလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်ဟာ စစ်တောင်းမြစ်နဲ့ မုတ္တမကွေ့အနီးမှာတည်ရှိပြီးတော့ ချောင်း၊ မြောင်းများ အလွန်ပေါများကာ မိုးတွင်းအခါမှာ ရေကြီးရေလျှံတာ၊ နွေအခါမှာ သောက်သုံးရေရှားပါးတာ၊ မြစ်ကမ်းပါးပြိုတာ၊ ပင်လယ်ဆားငန်ရေဝင်ရောက်တာ စတဲ့ဘေးဒုက္ခတွေ မကြာခဏ ကြုံရတတ်ပါတယ်။ ယခင်အစိုးရလက်ထက်က စပြီးတော့ ပဲခူး၊ စစ်တောင်း တူးမြောင်းအပါအဝင် ချောင်း၊ မြောင်း များစွာကို ပြန်လည်ပြုပြင်ပေးခဲ့လို့ အခုဆိုလို့ရှိရင် မိုးတွင်းအခါမှာ ရေကြီးနစ်မြုပ်မှုတွေ အတော်အတန် လျော့နည်းသက်သာခဲ့ပြီးတော့ မိုးစပါးများလည်း ပိုမိုစိုက်ပျိုးလာနိုင်ပါတယ်။ အထူးသဖြင့်တော့ နွေစပါးစိုက်ပျိုးမှု ပိုမိုဖြစ်ထွန်းအောင်မြင်လာပါတယ်။ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၊ ပဲခူးခရိုင်မှာဆိုရင် သနပ်ပင်မြို့နယ်ဟာ နွေစပါးစိုက်ပျိုး အအောင်မြင်ဆုံးမြို့နယ်ဖြစ်ပါတယ်။ ဧကအားဖြင့် လေးသောင်းခန့်အထိ စိုက်ပျိုးလာနိုင်ပြီ ဖြစ်ပါတယ်။ အခု တူးဖော်ရန်လိုအပ်နေသေးတဲ့ ချောင်း၊ မြောင်းများကို ပြုပြင်တူးဖော်ပေးခြင်းအားဖြင့် မိုးတွင်း ရေကြီးရေလျှံမှု ပိုမိုလျော့နည်းလာမှာဖြစ်သလို မိုးစပါးများလည်း ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာ မှာဖြစ်ပါတယ်။ ရေပေးမြောင်းများမှတစ်ဆင့် စိုက်ပျိုးရေများလည်း ပိုမိုရရှိလာမှာဖြစ်တဲ့အတွက် နွေစပါးများလည်း ပိုမိုတိုးချဲ့ စိုက်ပျိုးအောင်မြင်လာမှာဖြစ်တဲ့အပြင် ချောင်း၊ မြောင်းများ တူးဖော်ရာမှာ ချောင်းအဖြစ်အပြင် လမ်းအဖြစ်ပါ တူးဖော်နိုင်ပါက အကျိုးနှစ်တန်ရှိမှာဖြစ်ပြီးတော့ လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်ဆက်သွယ်ရေးပါ အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်တွင် တိမ်ကောလျက်ရှိသော ကမ်းပြို၊ နတ်ရေကန်၊ ကလိုင်၊ ကသဲကုန်း၊ ဝဲပြန်၊ ထောင်မင်း၊ မင်းရွာ၊ ကုက္ကိုတန်း၊ သနတ္တန်း၊ ကျူချောင်း၊ ဘော်ဘီရိုး၊ ဝင်းကဒတ်ရိုးနှင့် တမာတကွန်းချောင်းများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ တိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် လိုအပ်ချက်ရှိတဲ့ ချောင်း၊ မြောင်းများတိမ်ကောနေမှုကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာပါတဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းရှိ တိမ်ကောလျက်ရှိတဲ့ ချောင်း ၁၃ ချောင်း ပြန်လည်တူးဖော်ရန်ကိစ္စနှင့် ပတ်သက်ပြီး ကမ်းပြို၊ ကျုံပါချောင်း အလျား ၆ မိုင်ခန့်၊ နတ်ရေကန်ကျေးရွာတောင်ကွင်း၊ တရုတ်ကြီးချောင်းနှင့် ရွာချောင်း အလျား ၃ မိုင်ခန့်၊ ကလိုင်(ထော်ဘူ)ချောင်း အလျားပေ ၆၀၀၀၊ ဝဲပြန်၊ ကွင်းလျားရှည်ချောင်း အလျား ၃ မိုင်ခန့်၊ ထောင်မင်းချောင်းများ ပေ ၂၅၀၀၀ ခန့်၊ ကုက္ကိုတန်းမှ

ကမာဘာချောင်းအထိ အလျား ၁ မိုင်ခွဲခန့်၊ သနတ္တန်းချောင်း အလျား ၃ မိုင်ခန့်၊ တမာတကွန်းချောင်း အလျား ၈၅၀၀ ပေခန့်၊ ဘော်ဘီရိုး အလျား ၂ မိုင်ခန့် စုစုပေါင်း ချောင်းတူးဖော်ခြင်းလုပ်ငန်း ကိုးခုကို ယခုနှစ် မိုးရာသီအတွင်း ကွင်းဆင်းတိုင်းတာဆောင်ရွက်ဖို့ အခက်အခဲရှိတဲ့အတွက် ယခုပွင့်လင်းရာသီ ဇန်နဝါရီလအတွင်းမှာ လိုအပ်တဲ့ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကွင်းဆင်းစစ်ဆေးတိုင်းတာရရှိချက်အရ ဆောင်ရွက်ပေးနိုင်မယ့်လုပ်ငန်းများကိုလည်းပဲ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့ချောင်းတွေအနက်က မင်းရွာချောင်း အလျား ၁.၇၂ မိုင်၊ ကျူချောင်းချောင်းအလျား ၂.၆၅ မိုင် တူးဖော်ဆောင်ရွက်ဖို့အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ မူလလျာထားရန်ပုံငွေမှာ ကျပ် ၈၂.၉၄၆ သန်း ခွဲဝေရရှိပြီးဖြစ်တဲ့အတွက် လုပ်ထုံး လုပ်နည်းများနှင့်အညီ တင်ဒါခေါ်ပြီး ပွင့်လင်းရာသီမှာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ကျန်တဲ့ချောင်းနှစ်ချောင်းဖြစ်တဲ့ ဝင်းကဒတ်ချောင်းနှင့် ကသဲကုန်းချောင်းမှာ ဝင်းကဒတ်ချောင်းအလျား ၁၂.၂၅ မိုင် တူးဖော်ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ရန်ပုံငွေကျပ် ၅၄၃.၉၁ သန်းကို ၂၀၁၈-၂၀၁၉ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံထားပြီးဖြစ်တဲ့အတွက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းကိုဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကသဲကုန်းချောင်း အလျား ၃ မိုင်ခန့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ဖို့အတွက် လိုအပ်ရန်ပုံငွေ ကျပ် ၃၆.၇ သန်းကတော့ လာမယ့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေစာရင်းမှာ လျာထားမှုပါဝင်မှုမရှိသေးတဲ့အတွက် ၂၀၁၈-၂၀၁၉ ခုနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေစာရင်းမှာ ထည့်သွင်းလျာထားတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**တည်ဆောက်ပြီးနှစ်အနည်းငယ်အတွင်း ပျက်စီးသွားသော ဆည်မြောင်း၊ တာတမံများနှင့်ပတ်သက်၍ မည်ကဲ့သို့အရေးယူမှုများပြုလုပ်ပြီး ပျက်စီးမှုကြောင့် စိုက်ပျိုး၍မရဖြစ်ခဲ့ရသော လယ်ယာမြေများနှင့် ပတ်သက်၍လည်း တောင်သူလယ်သမားများ၏နစ်နာမှုကို မည်ကဲ့သို့ဖြေရှင်းပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ တည်ဆောက်သူများရဲ့ပေါ့လျော့မှု၊ နည်းစနစ်မမှန်ကန်မှု၊ နည်းစနစ်တကျလေ့လာမှုအားနည်းခြင်းတို့ကြောင့် တည်ဆောက်ပြီးနှစ်အနည်းငယ်အတွင်းမှာ ပျက်စီးသွားတဲ့ ဆည်မြောင်းတာတမံများနှင့်ပတ်သက်ပြီး ဌာနက မည်ကဲ့သို့အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပြီး ထိခိုက်ပျက်စီးမှုများကြောင့် စိုက်ပျိုး၍မရဖြစ်ခဲ့ရတဲ့လယ်ယာမြေများနှင့်ပတ်သက်ပြီး တောင်သူလယ်သမားတွေရဲ့နစ်နာမှုကို မည်ကဲ့သို့ဖြေရှင်းပေးပါမည်ကို သိရှိလိုကြောင်းမေးခွန်းကို

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းမယ့် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်မတို့ပြည်နယ်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့စီမံကိန်းတွေအပေါ် မဲဆန္ဒရှင်တွေရဲ့တင်ပြချက်၊ ခံစားချက်တွေကို အခြေခံပြီး ဆက်စပ်တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့သထုံမြို့နယ်နှင့် ပေါင်မြို့နယ်မှာရှိတဲ့ လယ်ဧရိယာ ၂၂၀၀၀ ဧကကို ရေကြီးနစ်မြုပ်မှုနှင့် ပင်လယ်ရေငန်ဝင်ရောက်မှု ကာကွယ်ရန်အတွက်ဆိုပြီးတော့ ကျုံထော်ရေထိန်းတံခါးကို ၂၀၀၂ ခုနှစ်မှာ စတင်တည်ဆောက်ပြီးတော့ ၂၀၀၄ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ ကုန်ကျစရိတ်ငွေကျပ်သန်းပေါင်း ၆၉၉.၀၁၇ ဖြစ်ပါတယ်။ ပင်လယ်နှင့် တစ်မိုင်နှစ်ဖာလုံသာ ကွာဝေးတယ်လို့ သိရပါတယ်။ ဒီရေထိန်းတံခါးတည်ဆောက်ပြီး လေးနှစ်ကျော်ကြာ ၂၀၀၉ ခုနှစ် မေလမှာ ပြိုကျခဲ့ပါတယ်။ ဒီပြိုကျမှုကြောင့် နောက်ဆက်တွဲဘာတွေဖြစ်သလဲဆိုတာ သိရဖို့ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒီပုံကတော့ ယခင်က ရေတွေဝင်ရောက်နေတဲ့နေရာမဟုတ်ပေမဲ့ ရေထိန်းတံခါးပြိုပြီးတဲ့နောက်မှာတော့ ပင်လယ်ရေတွေ အတားအဆီးမဲ့ဝင်ရောက်တဲ့အတွက် အဆုံးအစမဲ့ဖြစ်ခဲ့တဲ့ လယ်ကွင်းတွေပါပဲ။ ဒါကတော့ ရေငန်တွေဝင်ရောက်လို့ စပါးစိုက်လို့မရဘဲ မြက်ရိုင်းပင်၊ ဆူးပင်တွေနဲ့ ပျက်စီးခဲ့ရတဲ့ လယ်တွေပါ။ ဒါကတော့ လယ်တွေပျက်ပြီး ဘဝပျက်ခဲ့ရတဲ့လယ်သမားတချို့နှင့် သူတို့မြတ်နိုးရာ လယ်ကွင်းတွေမှာ တစ်ချိန်ကနေထိုင်ခဲ့တဲ့ တိုက်အိမ်လေးတွေနဲ့ ပျက်စီးခဲ့တဲ့ လယ်တွေပါ။ ဒါကတော့ ပေါင်မြို့နယ်၊ လှကျေးရွာ ပင်လယ်ရေတားတမံနှင့်ပတ်သက်တဲ့ပုံပါ။ ဒီစီမံကိန်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာစပြီး မတ်လမှာ ပြီးစီးတယ်လို့သိရပါတယ်။ မြေသားပေါင် ၁၂၀၀ ပေခန့် တည်ဆောက်ပြီးတော့ မြေကျစ်လစ်သိပ်သည်းမှုမရှိတဲ့အခြေအနေမှာ ပင်လယ်ဘက်ခြမ်း ၅၀ ပေလျှင် တစ်ကန့်နှင့် မြေသားပေါ်မှာ ၆၉ ကျောက်ကို ဘိလပ်မြေနှင့်စီတယ်လို့သိရပါတယ်။ ဒေသခံတွေက ဒီစနစ်နဲ့ ဒီနေရာမှာ အဆင်မပြေနိုင်ဘူး။ ပြိုကျနိုင်တယ်လို့ ဝေဖန်အကြံပေးပြီး ဝါဆို၊ ဝါခေါင်လောက်မှာ ပြိုလိမ့်မယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမဲ့ မိုးလာမုန်တိုင်းမလာခင်ကတည်းက ပုံတွေမှာတွေ့တဲ့အတိုင်း တမံမှာ အကွက်၊ အပေါက်တွေဖြစ်ပေါ်နေပြီး နယုန်လမှာတင် ပြိုကျခဲ့ပါတယ်။ ဒါကတော့ မြေသားနံရံတွေမှာ ကျောက်တွေကိုသေချာမစီခဲ့လို့ ပျက်စီးပြီး အခုလက်ရှိမြင်နေရတဲ့ပုံပါ။ ဒါကတော့ လက်ရှိပြန်လည်ပြုပြင်နေရတဲ့ အနေအထားပါ။ တာတမံရှေ့ ကမ်းခြေထိန်းဖို့အတွက် လမုပင် နှစ်ဧက စိုက်ပျိုးရန်အစီအစဉ်ရှိခဲ့ပေမဲ့လည်း ယနေ့အထိ တစ်ပင်မှ စိုက်ပျိုးထားခြင်းမရှိတာ တွေ့ရပါတယ်။ ဒီစီမံကိန်းမှာလည်း ငွေကျပ်သိန်းပေါင်း ၄၅၆၀ သဲထဲရေသွန် ဖြစ်ခဲ့ရပါတယ်။ အလျဉ်းသင့်လို့ တစ်ဆက်တည်းပြောချင်တာကတော့ ဒေသအတွက် အမှန်တကယ်လိုအပ်မှုရှိ/မရှိ၊ ဖြစ်နိုင်ချေရှိ/မရှိ မတွက်ချက်ဘဲနဲ့ ဒေသဖွံ့ဖြိုးရေးဆိုပြီး လယ်ဧက ၃၃၀၀၀ ကို နွေစပါးသီးထပ်စိုက်ပျိုးရန်ဆိုပြီး လုပ်ခဲ့တဲ့ သထုံ ဒုံသမိမြစ်ရေတင်စီမံကိန်းပါ။ ဒီစီမံကိန်းမှာလည်း ရေပေးရမယ့် မြေတွေနဲ့ ရေအရင်းအမြစ်ရှိတဲ့နေရာ Level ကွာတာရယ်။ ရေပေးရမယ့်စီမံချက်ထဲမှာပါနေတဲ့လယ်တွေက နွေစပါးစိုက်လို့မရတဲ့ စပါးစိုက်တဲ့လယ်တွေဖြစ်နေတာရယ်။ မြစ်ရေတင်ဖို့အတွက် လျှပ်စစ် 20 MBA လိုတဲ့အတွက် နိုင်ငံခြားငွေထပ်လိုတာတွေကြောင့် ဆက်အကောင်အထည်မဖော်နိုင်တော့လို့ ၂၀၀၅ ခုနှစ်မှာစပြီး ၂၀၁၀ ခုနှစ်မှာ ရပ်နားလိုက်ရပါတယ်။ ဒါပေမဲ့ နိုင်ငံ့ဘဏ္ဍာငွေကတော့ ၁၀၅၇.၅၉ သန်း

အဟောသိကံ ဖြစ်ပြီးတော့ စီမံကိန်းအတွက် ကျွန်မတို့မြို့က လယ်ယာမြေတချို့ စီမံကိန်းနှင့်မလွတ်လို့ သိမ်းဆည်းခံထိခဲ့တာသာ အဖတ်တင်ခဲ့ပါတယ်။ ဆည်မြောင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်တဲ့ နေရာမှာ သတ်မှတ်တဲ့စံချိန်စံညွှန်းများ ပြည့်မီအောင်ဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနလက်အောက်မှာရှိတဲ့ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲက ဒီဇိုင်းပုံစံပြု တွက်ချက်တဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာလည်း ဆောင်ရွက်ခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးတယ်။ ပြီးတဲ့အခါကျတော့ မြေသားနှင့် ကွန်ကရစ်အရည်အသွေး ထိန်းချုပ်မှု စစ်ဆေးရေးအဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးပြီးတော့ စံချိန်စံညွှန်းပြည့်မီအောင် ကြပ်မတ်တယ်လို့ လေ့လာသိရှိရပါတယ်။ ဒါကြောင့် ကျွန်မတို့မြို့နယ်မှာတင် ငွေကျပ်သန်းပေါင်း ၁၈၀၀ ကျော် လေလွင့် ခဲ့ရလို့ နောင်ဒီလိုမဖြစ်အောင် ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုရှေ့ဆက်အရေးယူဆောင်ရွက်မလဲဆိုတာ မေးစရာဖြစ်လာပါတယ်။ ဒီစီမံကိန်းတွေကို စနစ်တကျမဆောင်ရွက်လို့ ဒေသခံတွေနဲ့ အတွေ့အကြုံ ဖလှယ်ပြီး မလုပ်ခဲ့လို့ ပျက်စီးသွားမှုကြောင့် လယ်ဧကပေါင်း ၂၀၀၀၀ ကျော် ကျွန်မတို့မြို့နယ်မှာ စိုက်ပျိုးလို့မရဖြစ်ခဲ့တဲ့အပေါ်မှာ တောင်သူလယ်သမားတွေရဲ့နစ်နာမှုကို ဘယ်လိုပြန်လည်ကုစားပေး မလဲဆိုတာ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့မေးခွန်းနှင့်စပ်လျဉ်း ပြီး ပြန်လည်ဖြေကြားပေးပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေရရှိရေး၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု မှကာကွယ်ရေးတို့အတွက် ဆည်မြောင်းစီမံကိန်းလုပ်ငန်များကို အကောင်အထည်ဖော်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ လုပ်ငန်းများမစတင်မီ ရှေးဦးစွာလိုအပ်တဲ့မြေပြင်တိုင်းတာခြင်းလုပ်ငန်း၊ ဘူမိဗေဒ နှင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုလုပ်ငန်းတွေကို ပြီးပြည့်စုံအောင်ဆောင်ရွက်ရပါတယ်။ စူးစမ်း လေ့လာမှုတွေအရ ဆောင်ရွက်ရန်ဖြစ်မြောက်နိုင်စွမ်းရှိပြီး ဒေသအတွက်အကျိုးဖြစ်ထွန်းမှုရှိရင် လိုအပ်တဲ့ ဒီဇိုင်းပုံစံပြုတွက်ချက်ပြီးမှ လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါ တယ်။ ဆည်မြောင်းစီမံကိန်းလုပ်ငန်းတွေရဲ့ သဘောသဘာဝအရ ငလျင်ကြော၊ ရာသီဥတုပြောင်းလဲ လာနိုင်မှုစတဲ့ သဘာဝဘေးအန္တရာယ်တွေကိုလည်းပဲ အဖက်ဖက်မှ တွက်ဆပြီး နည်းပညာပိုင်းဆိုင်ရာ များ စိစစ်သုံးသပ်မှုနှင့်အညီ ဆောင်ရွက်ရတဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီး နောက်ပိုင်းမှာ မမျှော်မှန်းနိုင်တဲ့သဘောဝဘေးအန္တရာယ်တွေကြောင့် ထိခိုက်ပျက်စီးလာခဲ့ရင်လည်း၊ တာဝန်ယူ ထိန်းသိမ်းလျက်ရှိတဲ့ ဝန်ထမ်းတွေရဲ့အားနည်းချက်ကြောင့် တစ်စုံတစ်ရာထိခိုက်ပျက်စီးမှု များ ဖြစ်ပေါ်လာခဲ့ရင်လည်းပဲ ဌာနဆိုင်ရာရှေးဦးစုံစမ်းမှုနှင့် ဌာနဆိုင်ရာစစ်ဆေးခြင်းလုပ်ငန်း

အဆင့်ဆင့်ကိုလည်း ဆောင်ရွက်ရတဲ့အနေအထားဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးသလို ကျုံထော်ရေထိန်းတံခါးနှင့်ပတ်သက်ပြီးတော့လည်းပဲ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များကိုလည်းပဲ အရေးယူဆောင်ရွက်မှုလည်း ရှိခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာဥပဒေနှင့်အညီ ထိုက်သင့်တဲ့အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်မှုပြုရတဲ့အနေအထားမျိုးလည်းရှိပါတယ်။ တစ်ဘက်ကလည်းပဲ လယ်ယာမြေများထိခိုက်ပြီးတော့ စိုက်ပျိုး၍မရခြင်းအပေါ်မှာ ဖြစ်ပေါ်လာခဲ့ရင်လည်းပဲ အခြားဆက်စပ်တဲ့ ဌာနများနှင့်ပူးပေါင်းပြီး တောင်သူတွေရဲ့ဘဝလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဌာနအနေနဲ့ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများ စတင်သည့်ကနေ ပြီးဆုံးအောင်မြင်သည့်အထိ ရှေးယခင်ကတည်းက ဌာနမှာပြဋ္ဌာန်းထားတဲ့ ပြည်သူ့လုပ်ငန်းငွေစာရင်းကိုဥပဒေနှင့် ပြည်သူ့လုပ်ငန်းဌာနကိုဥပဒေများမှ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ အခြေခံစံနှုန်းစာအုပ်(Yellow Book)အရ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေရဲ့ တစ်ယူနစ်အလိုက် တည်ဆောက်ရေးပစ္စည်း လိုအပ်ချက်၊ ကုန်ကျငွေတွက်ချက်မှု၊ တည်ဆောက်ရေးပစ္စည်းများနှင့် တည်ဆောက်မှုအရည်အသွေးများအပေါ် အမြဲမပြတ် ကြီးကြပ်စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာဌာနတွင်း၊ ဗဟိုစာရင်းစစ်ဆေးရေးအဖွဲ့ရဲ့ ပုံမှန်စစ်ဆေးမှုတွေနဲ့ ခံယူဆောင်ရွက်ရတဲ့အနေအထားမျိုး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်ကာလ အဆက်ဆက်တည်ဆောက်ပြီးတဲ့ဆည်၊ တမံများ ထိခိုက်ပျက်စီးမှုများအခြေအနေဟာ အခုအချိန်မှာ ကမ္ဘာကြီးရဲ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မြန်မာနိုင်ငံအနေနဲ့လည်းပဲ သဘာဝဘေးဒဏ်ခံစားလာမှု ရှိခဲ့တဲ့အလျောက် အထိအခိုက်ခံရမှုများ အထိုက်အလျောက်ရှိလာခဲ့ခြင်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ဆည်မြောင်းတာတမံများ ထိခိုက်ပျက်စီးမှုကြောင့် စိုက်ပျိုးမရတဲ့ လယ်မြေများနှင့်ပတ်သက်ပြီး တောင်သူများရဲ့နစ်နာမှုကို မည်ကဲ့သို့ ဖြေရှင်းပေးမည်နည်းဆိုတဲ့ကိစ္စနှင့်စပ်လျဉ်းပြီး ဥပမာတင်ပြသွားတဲ့ မွန်ပြည်နယ်၊ ကျုံထော်ရေတံခါးဖြစ်စဉ်နှင့် ဥပမာပေးပြီး ရှင်းလင်းတင်ပြပါ့မယ်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်း လယ်ယာမြေများ ပင်လယ်ဒီရေဝင်ရောက်လို့ ရေကြီးနစ်မြုပ်မှုနှစ်စဉ်ကြုံတွေ့လာရတဲ့အတွက် လယ်ယာမြေနှင့်သီးနှံများ ထိခိုက်ပျက်စီးမှုရှိမှုအပေါ် ကျုံထော်ရေထိန်းတံခါးကို ၂၀၀၄ ခုနှစ်မှာ တည်ဆောက်ခဲ့ပါတယ်။ ထိုစဉ်ကာလက အစိုးရရဲ့မူဝါဒလမ်းညွှန်ချက်အရ တည်ဆောက်ပေးခဲ့မှု ရှိပါတယ်။ ကျုံထော်ရေတံခါးတည်ဆောက်ပြီးချိန် ၂၀၀၄ ခုနှစ် ရေထိန်းတံခါးဟာ ပင်လယ်ကမ်းကနေ ပေ ၆၆၀၀ ခန့်ကွာဝေးပြီးတော့ ၂၀၀၈ ခုနှစ်မှစတင်ခဲ့လို့ ပင်လယ်ရေစီးကြောင်း ပြောင်းလဲ တိုက်စားမှုနှင့်အတူ ဖြစ်ပေါ်လာတဲ့ သဘာဝဘေးအန္တရာယ်အရ ၂၀၀၉ ခုနှစ် မေလမှာ ပင်လယ်ကမ်းပြိုမှုနှင့်အတူ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျုံထော်ရေတံခါးတည်ဆောက်မှုမှာ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ခဲ့သော်လည်းပဲ ရေတံခါးမရှိတဲ့ ၂၀၀၉ ခုနှစ်နောက်ပိုင်း ကာလတွေမှာ ရေငန်များဝင်ရောက်မှုကြောင့် လယ်မြေအချို့ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါတယ်။ ဒီဖြစ်စဉ်ကို ထောက်ရှုခြင်းအားဖြင့် တည်ဆောက်သူများရဲ့ပေါ့လျော့မှု၊ နည်းစနစ် မမှန်ကန်မှု

တို့ကြောင့် လယ်မြေများထိခိုက်ပျက်စီးမှုအခြေအနေထက် ရှောင်လွှဲ၍မရသော သဘာဝဘေးဒဏ် အကျိုးဆက်ကြောင့်ဖြစ်ခဲ့တဲ့အနေအထားဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

သို့ဖြစ်တဲ့အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ လက်ရှိမှာ ဌာနရဲ့လုပ်ငန်းစဉ်များအရ စိုက်ပျိုးရေရရှိရေးနှင့် ရေဘေးကာကွယ်ရေးစီမံကိန်းအသစ်များကို ထပ်မံ ဆောင်ရွက်ရန်ရှိမယ်ဆိုရင် စီမံကိန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ လိုအပ်တဲ့ စူးစမ်း တိုင်းတာလေ့လာမှုလုပ်ငန်းတွေကို ဆောင်ရွက်ခြင်း၊ စီမံကိန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိမယ်ဆိုရင် နောင်ရေရှည်တည်တံ့ပြီး အကျိုးစီးပွားဖြစ်ထွန်းနိုင်စေရေးအတွက် ဖြစ်ပေါ်လာနိုင်ဖွယ် ရှိတဲ့ သဘာဝဘေးအန္တရာယ်များရဲ့သက်ရောက်မှုများကို ကြိုတင်ထည့်သွင်းစဉ်းစားပြီး ဒီဇိုင်းပြု တွက်ချက်ခြင်း၊ ဒေသလိုအပ်ချက်နဲ့လိုက်လျောညီထွေမှုရှိပြီး ရှိရင်းစွဲသဘာဝပတ်ဝန်းကျင် အရင်းအမြစ်များနှင့် ပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ ထိခိုက်မှုရှိ/မရှိ ဆန်းစစ်လေ့လာခြင်းတို့ကို အထူးအလေးထားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများနဲ့ စီမံဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါ။ ဝန်ကြီးဖြေပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မသိချင်တာ က ကျွန်မတို့သထုံမြို့နယ်က ပျက်စီးခဲ့ရတဲ့လယ်တွေ၊ အခုနက ကျွန်မ Power Point မှာလည်း ပြသွား ပါတယ်။ အဲဒီတော့ အဲဒီနေရာတွေနဲ့ပတ်သက်ပြီးတော့ ဘယ်အချိန်လောက်မှာ အမြန်ဆုံးပြန်လည်ပြီး တော့ ဆောင်ရွက်ပေးနိုင်မလဲဆိုတာကို ကျွန်မအနေနဲ့ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားပေးပါမယ်။ ယင်းနှင့်စပ်လျဉ်းပြီးတော့ ကျုံထော်ရေထိန်းတံခါးနှင့်ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းကိုလည်းပဲ ကျွန်တော်ပြန်လည်ဖြေကြားခဲ့ပြီး ဖြစ်ပါ တယ်။ ဒေသခံပြည်သူတွေရဲ့လက်ရှိအခြေအနေမှာ သူတို့ရဲ့လယ်ယာမြေကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု အတွက် လိုအပ်ချက်ရှိတဲ့ ရေဘေးကာကွယ်ရေးရေထိန်းတံခါးကို ထပ်မံတည်ဆောက်ဖို့အတွက် ဆန္ဒရှိ တဲ့အလျောက် ယခုဆိုရင် ကျွန်တော်တို့တင်ပြခဲ့တဲ့အတိုင်းပဲ စူးစမ်းလေ့လာမှုလုပ်ငန်းတွေကို ဆောင်ရွက်နေပါပြီ။ စူးစမ်းလေ့လာမှုလုပ်ငန်းတွေကို ဆောင်ရွက်ပြီးတဲ့နောက် ဖြစ်မြောက်နိုင်မှု Facibility Study အရ သဘာဝဘေးအန္တရာယ်ကလည်း ကာကွယ်နိုင်ရမယ်။ တစ်ဘက်ကလည်းပဲ နည်းပညာပိုင်းအရလည်းပဲ အားနည်းချက်မရှိအောင် ကျွန်တော်တို့တွေ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဆက်စပ် ပြီးတော့ ဖြေကြားပေးပါမယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း ကို ၆-၇-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်း မိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြဖတ်ကြားသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/ ၂၀၁၇ - ၃၄၀
ရက် စွဲ ၊ ၂ ၀ ၁ ၇ ခု နှစ်၊ နို ၀င် ဘာ လ ၁၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၆-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ -၁) ၁/၂၀၁၇ - ၃၃၀

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂-၆-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၆-၇-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် အသစ်ပြန်လည်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ စာချုပ်စာတမ်းများအပါအဝင် အခြားစာချုပ်စာတမ်းများကို မှတ်တမ်းတင်ခြင်းအားဖြင့် တည်ဆဲဥပဒေများအရ တရားဝင်ခိုင်မာမှုရှိစေရန်၊

(ခ) စာချုပ်စာတမ်းများကို ချုပ်ဆိုရာ၌ တရားဝင် မှတ်ပုံတင်ပေးခြင်းအားဖြင့် လုပ်သားပြည်သူတို့အတွင်း လိမ်လည်မှုများကို ကာကွယ်ပေးရန်၊

(ဂ) စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများ ရရှိစေရန်၊

(ဃ) ပြဋ္ဌာန်းထားပြီးဖြစ်သော မူလစာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေအား ခေတ်ကာလနှင့် လျော်ညီစေရန်၊

စသည့် ရည်ရွယ်ချက်များဖြင့် တင်သွင်းလာခြင်းဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၁၀-၂၀၁၇ ရက်နှင့် ၁၄-၁၁-၂၀၁၇ ရက်တို့တွင် ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ် လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါ ရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံစာတင်ပြအပ်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/ ၂၀၁၇ - ၃၄၀
ရက် စွဲ ၊ ၂ ၀ ၁ ၇ ခု နှစ်၊ နို ဝင် ဘာ လ ၁၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၆-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ -၁) ၁/၂၀၁၇ - ၃၃၀

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂-၆-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၆-၇-၂၀၁၇ ရက်နေ့ အမျိုးသား လွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင် ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ ကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် အသစ်ပြန်လည်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ် လေ့လာတွေ့ရှိရပါသည် -

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများ အပါအဝင် အခြားစာချုပ်စာတမ်းများကို မှတ်တမ်းတင်ခြင်းအားဖြင့် တည်ဆဲဥပဒေ များအရ တရားဝင်ခိုင်မာမှုရှိစေရန်၊

(ခ) စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် တရားဝင် မှတ်ပုံတင်ပေးခြင်းအားဖြင့် လုပ်သားပြည်သူတို့အတွင်း လိမ်လည်မှုများကို ကာကွယ်ပေးရန်၊

(ဂ) စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်း မှ ဝင်ငွေခွန်များ ရရှိစေရန်၊

(ဃ) ပြဋ္ဌာန်းထားပြီးဖြစ်သော မူလစာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေအား ခေတ်ကာလနှင့် လျော်ညီစေရန်၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၁၀-၂၀၁၇ ရက်နှင့် ၁၄-၁၁-၂၀၁၇ ရက်တို့တွင် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း(၁၇) ခန်းနှင့် အပိုဒ်ပေါင်း ၈၈ ပိုဒ်ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များနှင့် အချက် (၁၀၄)ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) အခန်း(၆) အပိုဒ် ၃၀ အပိုဒ်ခွဲ(က)ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိပါသည်။

(ဃ) အခန်း(၁၆) အပိုဒ် ၇၄ ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိပါသည်။

(င) အခန်း(၁၆) အပိုဒ် ၇၅ ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၁၁-၂၀၁၇ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသော သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ်ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ် ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ (၆-၁၁-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ်ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှု

များကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်မှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ခြောက်ဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့အဆိုကို အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရန် ဗဟိုမှ ရပ်/ကျေးအထိ အဆင့်ဆင့်သောလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများကို ဖွဲ့စည်းခဲ့ပြီးတော့ လုပ်ငန်းတာဝန်များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်အပ်နှံလာသော မြေများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် အဆင့်ဆင့်သော လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ မူလပိုင်ရှင်များထံသို့ အမြန်ဆုံးလွှဲပြောင်းပေးနိုင်ရန်အတွက် သိမ်းဆည်းမြေ များအပေါ် ပြန်လည်စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးကိုလည်း ဗဟိုကော်မတီမှ ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအားလုံးသို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် အခြားမြေများကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ အရ လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသည့်အမိန့်ဖြင့်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉၊ ၃၀ တို့အရ လယ်ယာမြေများ အခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် မြေသိမ်းဆည်းခြင်း ဆောင်ရွက်ခဲ့ရာမှာပါဝင်တဲ့ လယ်ယာမြေများ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ပယ်ဖျက်ပြီးစားကျက်မြေ၊ ပယ်ဖျက်ပြီးသစ်တောမြေနှင့် အခြားမြေများကို ရယူခဲ့သူများက ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်နိုင်ရန် လုပ်ထုံးလုပ်နည်းများရှိနေသော်လည်း ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြန်လည်စွန့်လွှတ်အပ်နှံစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လိုအပ်သောညွှန်ကြားချက်များ ချမှတ်ပေးရန်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးရန် လိုအပ်နေပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ ၁၉-၉-၂၀၁၇ ရက်စွဲနဲ့ စည်းကမ်းချက်သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင်၌ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေများအား

ခွင့်ပြုမိန့်ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုမိန့်စာအသစ်ထုတ်ပေးနိုင်ရေးကိစ္စကို ညွှန်ကြားထားပါတယ်။

မိမိမဲဆန္ဒနယ်မြေအတွင်း သရက်ဇုန်နဲ့ပတ်သက်၍ ဒုတိယဝန်ကြီးကိုယ်တိုင် ၂၀၁၁ ခုနှစ်က စပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ဖြေကြားထားသော်လည်း ၂၀၁၇ ခုနှစ် ဩဂုတ်လ စာရင်းပါအချက်အလက်များအရ ဗဟိုအဖွဲ့ ခွင့်ပြုသည့်လုပ်ငန်းသုံးခုကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ ဗဟိုကော်မတီခွင့်ပြုသည့်လုပ်ငန်း ၂၂ ခုကို ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တို့တွင်လည်းကောင်း ခွင့်ပြုသည့်စာအမှတ်နှင့် ရက်စွဲတို့ဖော်ပြထားပြီး ဝန်ကြီးကြိုတင်ခွင့်ပြုသည့်လုပ်ငန်း ၄၄ ခုနှင့် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့ခွင့်ပြုသည့်လုပ်ငန်းငါးခု စုစုပေါင်း ၄၉ ခုတို့မှာ ခွင့်ပြုသည့် စာအမှတ်နှင့်ရက်စွဲတို့ ဖော်ပြထားမှုမရှိပါ။ ဖော်ထုတ်ဆောင်ရွက်ရန်ကျန် ဧရိယာစာရင်းများမှာလည်း မြေပြင်နဲ့ များစွာကွာခြားနေပါတယ်။ သရက်ဇုန်သိမ်းဆည်းမြေနှင့်ပတ်သက်၍ ခွင့်ပြုမိန့်များ၏ စာအမှတ်နှင့်ရက်စွဲတို့ကို ပြည်ထောင်စုအစိုးရမှ စစ်ဆေးပြီး အမြန်ဆုံးပြန်လည်စွန့်လွှတ်အပ်နှံစေရန် လုပ်ဆောင်သင့်ပါတယ်။

ပုဂ္ဂလိကကျွန်းစိုက်ခင်း၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း လုပ်ကိုင်ခွင့်ရသူများနှင့်ပတ်သက်ပြီး ပယ်ဖျက်မှုမရှိတဲ့ သစ်တောမြေပေါ်မှာ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့တဲ့တောင်သူများနှင့်ပတ်သက်၍ ဗဟိုကော်မတီဥက္ကဋ္ဌ၏ ကုမ္ပဏီများမှ တောင်သူများသို့ ထိုက်သင့်သည့်ထောက်ပံ့မှုပေးနိုင်ရန် ညှိနှိုင်းပေးပါရန် သဘောထားမှတ်ချက်နှင့်အညီ ပြန်လည်စိစစ်ရာမှာလည်း တောင်သူများဘက်က နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထောက်ပံ့သည့်နှုန်းထားအတိုင်း ထောက်ပံ့ပေးပါရန် သဘောထားပေးခဲ့သော်လည်း လုပ်ကိုင်ခွင့်ရကုမ္ပဏီဘက်မှ နိုင်ငံတော်ပိုင်သစ်တောကြိုးဝိုင်းမြေ အဖြစ် ပေါ်ပေါက်ပြီးဖြစ်၍ တောင်သူများပိုင်မြေမဟုတ်သည့်အတွက် ၎င်းတို့နှင့်ထောက်ပံ့ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်မည်မဟုတ်ကြောင်း ပြန်လည်တင်ပြအပ်ပါသည်ဟု သဘောထားပြုထားပါတယ်။ ပုဂ္ဂလိကလုပ်ကိုင်ခွင့်ရလုပ်ငန်းရှင်တစ်ဦးမှလည်း တောင်သူများအပေါ် မတော်မတရား တရားစွဲဆိုမှုများကြောင့် တရားရင်မဆိုင်သူတောင်သူသုံးဦးမှာ တစ်ဦးလျှင် ကျပ်သိန်း ၃၀ မှ ၆၀ ကြား ပေးလျော်ရန် တရားရုံး၏ မျက်ကွယ်အမိန့်ချမှတ်ခြင်းကိုခံရပြီး တောင်သူနှစ်ဦးမှာလည်း အမှုရင်ဆိုင်ဆဲ ဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်နောက်တစ်ဦးမှာလည်း တောင်သူများအပေါ် တရားစွဲဆိုထားရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးမှ တရားလိုသည် လုပ်ပိုင်ခွင့်ရသော်လည်း အယူခံတရားခံများ လုပ်ကိုင်နေသောယာမြေများကို လက်ရောက်မရရှိခဲ့ချေ။ အယူခံတရားခံများ သည် မိမိတို့၏ လုပ်ကိုင်မြဲအတိုင်း လုပ်ကိုင်လျက်ရှိသည့်ယာမြေများကို ဆက်လက်လုပ်ကိုင်ကြခြင်း လည်းဖြစ်သည်။ သို့ဖြစ်၍ မူလ ဇမ္ဗူသီရိမြို့နယ်တရားရုံးက အယူခံတရားခံများအား အမှုမှ အပြီးပြတ် လွှတ်သည့်အမိန့်တွင် ဝင်ရောက်စွက်ဖက်ရန် သင့်မည်မဟုတ်ချေ။ ထို့ကြောင့် ဤရာဇဝတ်အယူခံမှု အား ပလပ်သည်ဟု စီရင်ချက်ချထားပါတယ်။ ဒါကြောင့် ပုဂ္ဂလိကကျွန်းစိုက်ခင်း၊ ပုဂ္ဂလိကသစ်မာ စိုက်ခင်း လုပ်ကိုင်ခွင့်ပေးခြင်းကြောင့် ပယ်ဖျက်မှုမရှိသော သစ်တောမြေပေါ်တွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သောတောင်သူများ နစ်နာမှုမရှိစေရန် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးသင့်ပါတယ်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စီမံကိန်းအကောင်အထည်မဖော်ဖြစ်သော သိမ်းဆည်းမြေများနှင့် အရံမြေများအား ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိပြီး ပုဂ္ဂလိကနှင့် ကုမ္ပဏီများသို့ ချထားသောမြေကွက်များသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ည)အရ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းဟုတ်/မဟုတ်ကို ပြည်ထောင်စုအစိုးရမှ စစ်ဆေးသင့်ပါတယ်။ မြေသိမ်းဆည်းခံဒေသခံပြည်သူများ နစ်နာမှုမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးသင့်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရမှ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် အကြံပြုထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမယ့် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍကိုကြည့်ရင် အရင်ဆုံးပြေးမြင်မိတာက လက်မှုကိုအခြေပြုတဲ့ တောင်သူအများအပြားကို တွေ့မြင်ကြရမှာပါ။ တောင်သူကို ထပ်ပြီးစိစစ်ကြည့်တဲ့အခါ ၎င်းတို့ကို အမှီသဟဲပြုပြီး ရှင်သန်ရပ်တည်နေကြတဲ့ အခြေခံလက်လုပ်လက်စားလူတန်းစားအများအပြားပါ။ အဲဒီ အထက်ကမှ နွားလေးတစ်ရှဉ်း၊ လှည်းတစ်စီးနဲ့ လှည်းအငှားတိုက် ထွန်ရှင်းအငှားလိုက်ပြီး မိုးတွင်းမှာ တောင်ယာကလေးလုပ်ကာ စိုက်ပျိုးရှင်သန်ခွင့် ထမင်းစားလက်မှတ်ရ လူတန်းစားက ဒုတိယပါ။ တတိယလူကတော့ ရာသီဥတုကိုမှီပြီး ရှင်သန်ရတဲ့ နွား၊ လှည်း အသင့်အတင့်ပြည့်စုံ မြေ သုံးဧကမှ ၁၀ ဧကနီးပါးရှိရတဲ့သူတွေဖြစ်ကြပါတယ်။ အဲဒီနောက်မှာမှ စက်မှုလယ်ယာကို စတင်ပြောင်းလဲ အသုံးပြုနေပြီး မြေ ၁၀ ဧကမှ ၁၀၀ ကြားရှိတဲ့ ဒေသအခေါ် တောင်သူကြီးတွေပါ။ ဒါကလည်း ခေါင်းခေါက်ရေတွက်လို့ရတဲ့ အရေအတွက်ပါ။ နောက်ဆုံးပိတ်လူကတော့ အဆိုရှင်တင်ပြဆွေးနွေးခဲ့တဲ့ ဧကပေါင်းမြောက်မြားစွာ ပိုင်ဆိုင်နေကြတဲ့ စိုက်ပျိုးရေးလုပ်ငန်းအမည်ရ ကုမ္ပဏီကြီးတွေပါ။ ၎င်းတို့က စိုက်ပျိုးရေးလုပ်ငန်းအလို့ငှာ နှစ်ရှည်ဂရန်ရယူပြီး သစ်တောသယံဇာတကို ဦးစွာထုတ်ယူသုံးစွဲပြီးမှ စိုက်ပျိုးရေးလုပ်ကြတဲ့သူတွေပါ။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တင်ပြဆွေးနွေးတဲ့တောင်သူတွေဟာ အများအားဖြင့် ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ တိုးပွားလာတဲ့ လူဦးရေနှင့် စိုက်ပျိုးမြေမလုံလောက်မှု၊ ဧရာဝတီမြစ်ကမ်းဘေး ရွာများကမ်းပါးပြိုမှု အစရှိတဲ့အကြောင်းကြောင်းတွေကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ကုန်းမြင့်ရာ သစ်တောကြိုးဝိုင်းမြေတွေမှာ ဝင်ရောက်ခုတ်ထွင်ရှင်းလင်းပြီး တောင်ယာစပါးအတွက် ဦးစွာစိုက်ပျိုးလုပ်ကိုင်ကြရာမှ နောက်ပိုင်း ပဲမျိုးစုံ၊ နှမ်းနှင့် ကြံများစိုက်ပျိုးပြီး မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရပ်တည်လာခဲ့ကြရပါတယ်။ နောက်ပိုင်း ၂၀၀၅ ခုနှစ်မှာ ဂရိတ်ဝေါသကြားစက်ကုမ္ပဏီရောက်ရှိလာပြီး အဲဒီခေတ်က ခုတ်ထွင်ရှင်းလင်းပြီး မြေပြောင်တစ်ဧကရဲ့ဒေသပေါက်ဈေးဟာ

အသင့်အတင့် အင်တိုင်းမြေကိုပဲ နှစ်သိမ်းခဲ့၊ သုံးသိမ်းတန်ပါတယ်။ အဲဒီကာလက ဒေသအာဏာပိုင်တွေကပါ ဖိအားတွေအမျိုးမျိုးပေးတဲ့အတွက် ရတဲ့ဈေး တစ်ဧကကိုခုနစ်သောင်းပတ်ဝန်းကျင်နဲ့ ရောင်းချပေးခဲ့ကြရပါတယ်။ ဂရိတ်ဝေါကုမ္ပဏီကိုအမှီပြုပြီး ကျော်သာကုမ္ပဏီ၊ Good Brother ကုမ္ပဏီ၊ YFC စသဖြင့်ပေါ်ပေါက်လာပါတယ်။ ကျွန်တော်တို့ရဲ့ ထီးချိုင့်မဲဆန္ဒနယ် ကက်နီအုပ်စု ဝဲကြီးကျေးရွာက တောင်သူတစ်ဦးရဲ့တင်ပြချက်အရ အဲဒီအချိန်က မိသားစုအလိုက် ခေါင်းဦးချခုတ်ထွင်ရှင်းလင်းခဲ့တဲ့ လယ်ယာမြေ သုံးဧကအပါအဝင် မြေ ၂၈ ဧကကို တစ်ပြားတစ်ချပ်မှမရဘဲ ကျော်သာကုမ္ပဏီထံ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်လို့ဆိုပါတယ်။ အဆိုပါကုမ္ပဏီဟာ ၂၀၁၀ ခုနှစ်အထိ စက်မှုကုန်ကြမ်းသီးနှံကြံစိုက်ပျိုးခဲ့ပြီး မအောင်မြင်လို့ ဆက်လက်မစိုက်ပျိုးတော့ဘဲ အခြားနေရာကို ရွှေ့ပြောင်းသွားပါတယ်။ အဲဒီအခါ မူလပိုင်ရှင်တောင်သူက ၂၀၁၂ ခုနှစ်မှာမှ ဖုန်ဆိုးထနေတဲ့ သူ့ရဲ့ ပင်မမြေကို ပြန်လည်ခုတ်ထွင်ရှင်းလင်းပြီး ဒေသထွက်ရာသီသီးနှံများ စိုက်ပျိုးလုပ်ကိုင်လာခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်ရောက်မှ အထက်ပါမြေကို အရင်ပိုင်ဆိုင်သူတွေမဟုတ်တဲ့ ကျော်သာကုမ္ပဏီမှ ယူကလစ်စိုက်ပျိုးခွင့်ရရှိပါတယ်ဆိုပြီး ကံဆိုးသူ ထိုတောင်သူအား ထီးချိုင့်မြို့နယ်တရားရုံးမှာ ပုဒ်မ ၃ ခုနဲ့ တရားစွဲဆိုခဲ့ပါတယ်။ နောက်ဆုံးမှာ သူခမျာ ရုံးချိန်း ၁၆ ချိန်း ချိန်းပြီးမှ သက်ဆိုင်ရာဌာနဆိုင်ရာ အချို့က ကြားဝင်ညှိနှိုင်းပေးလို့ စိုက်ပျိုးထားတဲ့ ကျန် သုံးဧကအတွက် နစ်နာကြေးငါးသိန်းနဲ့ မနိုင်ရင်ခါလက်ခံခဲ့ရပြီး ၎င်းရဲ့ယာမြေတွေကို ဒုတိယမွိလက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ အဆိုရှင်ဟာ ဒီလိုအဖြစ်မျိုးတွေကို နေရာအနှံ့အပြားမှာဖြစ်နေတဲ့အတွက် အောက်ခြေလူတန်းစားတွေကို ကူညီဖြေရှင်းပေးလိုတဲ့ စေတနာနဲ့ ဒီအဆိုကို လွှတ်တော်မှာတင်ခဲ့တယ်လို့ယူဆရပါတယ်။

လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကျော်သာကုမ္ပဏီရုံးစိုက်ရာအနီးမှာပဲ ကုမ္ပဏီဝန်ထမ်းများနဲ့ ဒေသခံတောင်သူများရဲ့သားသမီးများ ပညာသင်ကြားနိုင်ရေး ရည်ရွယ်ပြီး မူလတန်းကျောင်းနဲ့ရွာတည်ဖို့ မြို့နယ်မြေစာရင်းရဲ့အကွက်ရိုက်ပုံစံနှင့်တကွ ဂရိတ်ဝေါကုမ္ပဏီမှ ပြန်ပြီးလှူဒါန်းခဲ့ပါတယ်။ အဲဒီနေရာမှာ အခု အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ဖွင့်လှစ်သင်ကြားနေပေမဲ့ ရွာမတည်နိုင်လို့ ကျောင်းသူကျောင်းသားများဟာ နေအိမ်နဲ့ ဝေးရာကနေ ကျောင်းလာတက်ကြရပါတယ်။ ရွာမတည်နိုင်တဲ့အကြောင်းအရင်းက ကျောင်းဆောက်ပြီး ရွာမတည်မီက ဂရိတ်ဝေါကုမ္ပဏီက နိုင်ငံတော်ကို ပြန်အပ်တဲ့အခါ သစ်တောဌာနက အဆိုပါရွာတည်မယ့်နေရာ အကွက်ကျကျနေရာမှာ စိုက်ခင်းဆိုပြီး ကျွန်းပင်တွေ အဖြစ်လာစိုက်ပါတယ်။ ဒီတစ်ခါ မူလ အကွက်ရ တောင်သူက သူ့အိမ်ရာလေးကို Tractor နဲ့မြေညှိတဲ့အခါ ကုန်းခေါင်ခေါင်နေပူထဲမှာစိုက်ထားရလို့ မူလက မရှင်တဲ့ကျွန်းပင်တွေကို Tractor နဲ့ထိုးဖြတ်ပါတယ်။ သစ်ပင်ဖျက်ဆီးမှုဆိုပြီး တောင်သူကို သစ်တောအမှုနှင့် တောအုပ်က တိုင်တန်းတဲ့အတွက် တောင်သူမှာ တရားရုံးမှာ တရားစွဲဆိုခံခဲ့ရပါတယ်။

နောက်ဖြစ်ရပ်တစ်ခုက မန္တလေး-ဗန်းမော် ကားလမ်းဘေး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစပ် ရေရှင်ချောင်းကလေးနဲ့ခြားထားပါတယ်။ အဲဒီရေရှင်ချောင်းကို အစွဲပြုပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မောင်းဟုန်းကျေးရွာအုပ်စု ရေရှင်ကျေးရွာဆိုပြီး တည်ထောင်လာခဲ့တာ ၂၀၁၆ ခုနှစ် ဇွန်လ ၂ ရက်နေ့မှာ အိမ်ခြေ ၅၄ အိမ်ပြည့်လို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လိပ်မူပြီး

ရေရှင်ကျေးရွာ အဖြစ်သတ်မှတ်ပေးဖို့ ဒေသခံတွေရဲ့တင်ပြချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှထပ်ဆင့် တင်ပြပေးခဲ့ပါတယ်။ နောက်မကြာမီမှာပဲ မြို့နယ်စီ/ခန့်ကော်မတီကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ရေရှင်ကျေးရွာအဖြစ် သတ်မှတ်ပေးဖို့ တင်ပြချက်အပေါ် သဘောထားမှတ်ချက်ပေးဖို့ တောင်းခံလာပါတယ်။ အဲဒီအခါ သစ်တောဦးစီးကလွဲလို့ ကျန်ဌာနများက ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံသဘောထားပေးပေမဲ့ အဲဒီအချိန်သစ်တောဦးစီးမှူးက သစ်တောကြိုးဝိုင်းမြေအဖြစ်မှ မစွန့်လွှတ်ပေမဲ့ ရေရှင်ကျေးရွာအဖြစ်သတ်မှတ်ပေးရန် တောင်းဆိုသူကို တရားစွဲသင့်ပါသည်ဆိုပြီး သဘောထားမှတ်ချက်ပေးပါတယ်။ ဒါနဲ့ ကျွန်တော်က သစ်တောမှူးကြီးကို မေးတဲ့အခါ ယခင်တိုင်းဒေသကြီးအစိုးရအဖွဲ့အဆင့်ဆင့်ရဲ့ ညွှန်ကြားချက်အရ ဒီလိုမှတ်ချက်ပေးတာပါလို့ဖြေပါတယ်။ နောက်ဆုံးတော့ အဲဒီကျေးရွာလေးဟာ အခုထိ တရားဝင်ကျေးရွာအဖြစ် မရရှိသေးပါဘူး။

နိဂုံးချုပ်အနေနဲ့ အဆိုရှင်တင်ပြလိုတာက သစ်တောဌာနအနေနဲ့ ပြည်သူတွေမနစ်နာရအောင် အောက်ခြေမှာ အမှန်တကယ်စွန့်လွှတ်သင့်တာတွေကို ညှိနှိုင်းပြီး စွန့်လွှတ်ပေးနိုင်ဖို့ အထူးလိုအပ်တာကို မီးမောင်းထိုးပြလိုတာပါ။ အလားတူ ကျေးရွာလူထုနှင့် သစ်တောဝန်ထမ်းတွေကြား ထိပ်တိုက်ကြုံတွေ့ရတာတွေ များစွာရှိပါသေးတယ်။ ပြည်သူရဲ့အမြင်မှာ သစ်တောထွက်ပစ္စည်းတွေ ကားကြီး၊ ကားငယ်နဲ့ ခိုးထုတ်နေကြတာတွေကျတော့ ထိထိရောက်ရောက်နဲ့ အရေးမယူ၊ မိပြန်တော့ ပိုင်ရှင်မဲ့ တကယ့်ဆင်းရဲသားပြည်သူကျတော့ ညှာတာမှု၊ ကိုယ်ချင်းစာမှုမရှိဘူးဆိုတဲ့ အထင်များ၊ အမြင်များတွေ ဖြစ်ကြရပါတယ်။ လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုဆွေးနွေးခဲ့တာတွေဟာ အောက်ခြေပြည်သူလူထုနဲ့ နိစ္စဓူဝထိတွေ့တဲ့ အုပ်ချုပ်ရေးယန္တရားလက်တံတွေ မှန်မှန်ကန်ကန် အပြန်အလှန်အကျိုးပြုဆက်ဆံနိုင်အောင် ကျွန်တော်တို့ ကိုယ်စားလှယ်များက Parliamentary Oversight သဘောအရ ချဉ်းကပ်ဆောင်ရွက်ရတဲ့အခါ ကြုံတွေ့ရတဲ့အခက်အခဲတွေကို သက်ဆိုင်ရာဝန်ကြီးဌာနများက သိရှိပြီး လိုအပ်တဲ့ကွက်လပ်ကို ဖြည့်ဆည်းပေးလိုတဲ့ဆန္ဒနဲ့တင်သွင်းခဲ့တဲ့ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့အဆိုကို အကြောင်းအကျိုးနဲ့ ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျန်းမာကြပါစေလို့ မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကနီမြို့နယ်ဟာ ကျွန်တော့်ရဲ့မြို့နယ်နဲ့ ဆက်စပ်နေပါတယ်။ ဖွံ့ဖြိုးမှုအလွန်နည်းတဲ့ မြို့နယ်ဖြစ်ပါတယ်။ သစ်တောမြေမှာ ဓားမဦးချလုပ်ကိုင်စားသောက်ခဲ့တဲ့ တောင်သူလယ်သမားတွေကို တရားစွဲပြီး ကုမ္ပဏီကို နေရာချထားပေးရန် မသင့်ဘူးလို့ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့လူ့အခွင့်အရေးကြေငြာစာတမ်းအပိုဒ် ၂၃ မှာ

လူတိုင်းတွင် တရားမျှတ၍ အဆင်ပြေမှုရှိသော လုပ်ငန်းခွင်အခြေအနေများ ရပိုင်ခွင့်နှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ကျေးလက်ဒေသတွေမှာတော့ မြေမဲ့၊ ယာမဲ့ဖြစ်ပြီဆိုရင်တော့ အလုပ်လက်မဲ့ဖြစ်ရတာပါပဲ။ အင်မတန်ခက်ခဲတဲ့ဘဝကို ရင်ဆိုင်ရတာပါပဲ။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်လေ့လာဖတ်ရှုရတဲ့ အင်းလေးမြို့နယ်က သိမ်းဆည်းခံယာမြေနဲ့ပတ်သက်ပြီး တင်ပြလိုပါတယ်။ ၁၉၉၂ ခုနှစ်လောက်က ယာမြေ ၁၉၉.၆၂ ဧကကို ပအိုဝ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အတွက်ဆိုပြီးတော့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက သိမ်းယူခဲ့တာပါ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ နှစ်ကြိမ်တိတိ ပြန်လည်စွန့်လွှတ်ခဲ့ပါတယ်။ ၎င်းယာမြေများကိုပဲ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးကောင်စီလက်ထက်မှာလည်း တစ်ကြိမ်စွန့်လွှတ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုစုံစမ်းရေးကော်မတီကလည်း ၁၂ ဧကလောက်ထပ်မံစွန့်လွှတ်ပါတယ်။ အားလုံးပေါင်းက ၁၉၉.၆၂ ဧကသိမ်းခဲ့ရာမှာ ၈.၆၁ သာ ကျန်ပါတော့တယ်။ ဒီလို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဒီဟာကို တောင်သူလယ်သမားက နေရာကျန်ပါသေးတယ်။ ကျွန်တော့်ကို ၁.၂ ဧကလောက်ပေးပါ ဆိုပြီးတော့ တောင်းပါတယ်။ အဲဒီတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကြက်ခြံနှစ်ခု၊ ရေတွင်းတစ်နေရာနဲ့ ထရန်စဖော်မာတစ်လုံးရှိနေတဲ့အတွက် ပြန်တောင်းတဲ့ ၁.၂၁ ဧကကို မပေးနိုင်ဘူးလို့ စာပြန်ပါတယ်။ ဌာနက အသုံးကျလို့မြေပြန်မပေးပေမဲ့ လျော်ကြေး၊ နစ်နာကြေးပေးရန်စီစဉ်ထားပါ တယ်လို့လည်းမပါဘူး။ ၁၉၉၉ ဧကသိမ်းပြီး ၁၉၁ ဧကတောင် ပြန်ပေးခဲ့ပြီပဲ။ မစွန့်လွှတ်နိုင်ရင်လည်း NLD အစိုးရကို ထောက်ထားသောအားဖြင့် တောင်သူလယ်သမားကို လယ်ယာမြေလျော်ကြေး၊ နစ်နာကြေးပေးလိုက်လို့ရှိရင် အားလုံးအဆင်ပြေသွားမှာပါ။ ဒါအားလုံးဝေဖန်နိုင်ဖို့ ကျွန်တော်တင်ပြတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီပဲယင်းမဲဆန္ဒနယ်မှာတော့ မြေယာသိမ်းပြီးတာ သုံးမျိုးရှိပါတယ်။ (၁) ကတော့ တပ်သိမ်းမြေများဖြစ်ပါတယ်။ တပ်သိမ်းမြေများကို တပ်မတော်က ပြန်လည်စွန့်လွှတ်ပြီးဖြစ်ပါတယ်။ ပုံစံ(၇) မရသေးတာ။ အချို့မူလလက်ငုတ်တောင်သူလယ်သမားများ လက်ရောက်မရရှိဘဲ ယခင် တပ်မှာစာရင်းငှားများချထားသူများနှင့် အငြင်းပွားနေရတဲ့ ပြဿနာအနည်းငယ်သာရှိပါတယ်။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ရပ်/ကျေးနှင့်မြို့နယ်က သဘောထားမှတ်ချက်တွေ ပေးပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးဗဟိုလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတုန်းက အငြင်းပွားမှုများ ချုပ်ငြိမ်းသွားအောင် ဆောင်ရွက်သင့်နေပါပြီ။ အရပ်ဘက်အာဏာပိုင်များက သိမ်းဆည်းထားတဲ့ လယ်မြေ၊ယာမြေကိစ္စတွေလည်းရှိပါတယ်။ မြို့နယ်၊ ကျေးရွာအဆင့်မှာရှိတဲ့ အာဏာပိုင်များက မြေစာရင်းဦးစီးဌာနနှင့်ပူးပေါင်းပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုပြီး ကြက်ဆူ၊ ယူကလစ်၊ ဝါစိုက်ဖို့ရာလို့အကြောင်းပြပြီး ကိုယ်ကျိုးအတွက်သိမ်းယူထားတဲ့မြေတွေပါ။ ယခုတော့ သိမ်းဆည်းမြေကနေ အငြင်းပွားမြေဖြစ်အောင် ဖန်တီးထားတာကို လေ့လာတွေ့ရှိရပါတယ်။ အစိုးရဝန်ကြီးဌာနသိမ်းတဲ့

မြေတွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက ကျေးရွာ သမဝါယမဆိုင်နေရာတွေကို ယခုမှဖွဲ့စည်းထားတဲ့ သ/မငွေချေးအသင်းငယ်တွေကို ပေးထားတဲ့ကိစ္စပါ။ ဒါတွေက ၁၉၈၀ ခုနှစ်နောက်ပိုင်း ကျေးရွာပိုင်မြေတွေပါ။ ကျွန်တော်တို့ ပြည်သူတွေက အများ အတွက်အသုံးချဖို့ ပြန်တောင်းကာမှ ဆိုင်းဘုတ်တွေလာတင်ပြီး သ/မပိုင်လုပ်ပစ်ပါတယ်။ ဆိုင်မြေ ကျေးရွာက ဆိုင်တွေမှာဆိုရင် ဘုရားဝတ္တကမြေပါ။ ကျေးရွာမီးသတ်စခန်းဖွင့်ဖို့ ပြန်ပေးပါဆိုပြီး မြို့နယ်၊ ကျေးရွာ၊ တိုင်းဒေသကြီး သမဝါယမတာဝန်ရှိသူတွေကို အကြိမ်ကြိမ်ညှိနှိုင်းပြီး မြေနေရာလည်း အစားပေးပါတယ်။ ဒါပေမဲ့ အခုအချိန်အထိ ကျွန်တော်တို့ ဒီနေရာကိုရရှိခြင်းမရှိပါဘူး။ သ/မမြေကို လိုချင်ကြတာက ယခုခေတ်မှ ကျေးရွာတွေမှာ အသင်းအဖွဲ့လေးတွေရှိပါတယ်။ အဲဒီအသင်းအဖွဲ့ လေးတွေက သူတို့အတွက် အသေးအချုံးဖွင့်ဖို့ရာ ဒါမှမဟုတ် သာရေး၊ နာရေးကားတွေထားဖို့ရာ အတွက် နေရာတောင်းရမ်းရခြင်းဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ဆီမှာ စီးပွားကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက စပါးအဝယ်ဒိုင်မြေနေရာ တစ်မြို့နယ်လုံးမှာ သုံးနေရာရှိပါတယ်။ မူလကတည်းက ဒါတွေဟာသိမ်းဆည်းထားတာမဟုတ်ပါဘူး။ သပ်သပ်နေရာဝင်ယူတာသာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနကလည်း အသုံးမပြုတဲ့အတွက် ပြန်ပေးသင့်တယ်လို့ တိုက်တွန်းလိုပါတယ်။ ဒီမြေကလည်း သုံးမျိုးလုံးတင်နိုင်ဖို့ရာအတွက် ရပ်/ကျေး၊ မြို့နယ်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတွေက ချပေးထားတဲ့မှုတွေနဲ့အညီ သဘောထား မှတ်ချက်ပေးပြီးသားအမှုတွေဖြစ်ပါတယ်။ သို့သော်လည်း မြေသိမ်းဆည်းမှုနှင့်ပတ်သက်လျှင် ရှုပ်ထွေးမှုတွေက အစတည်းကရှိခဲ့သလို ယခုမှ ပြန်လည်စိစစ်ရေးကော်မတီတွေ ရှုပ်ထွေးမှုတွေနဲ့ ရင်ဆိုင်ရစေရန် ဖန်တီးမှုတွေလည်းရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းပြခွင့်ပြုပါရန်။ ဒါတွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ ဒီမြေတွေကို မတရားသဖြင့်ဝင်ဆောက်ပါတယ်။ ဒီလိုဝင်ဆောက်တဲ့အခါကျတော့လည်း သက်ဆိုင်ရာကနေပြီးတော့ မတားမြစ်တဲ့အပြင် မြှောက်ပေးပါတယ်။ ဒါဟာ ကျွန်တော်တို့ ရှုပ်ထွေးဖို့ ရာအတွက် တမင်ဖန်တီးတယ်လို့ပဲ ကျွန်တော်တို့က သဘောထားပါတယ်။ ကျွန်တော်တို့မြို့နယ်ရဲ့ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်ရေးကို ပျက်စီးသွားနိုင်တာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အဆိုရှင် တင်ထားတဲ့အတိုင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ဆောင်ရွက်နိုင်ဖို့ရာ ပြည်ထောင်စုအစိုးရမှ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ သဘောထားမှတ်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဒီနေရာကနေ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ်က ဦးထွန်းထွန်းနိုင် တင် သွင်းထားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ဦးအောင်ကျော်ဦးဖြစ်ပါတယ်။ လေးစားအပ်ပါ

သော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ သစ်တောကြိုးဝိုင်း၊ ကြိုပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအပေါ် ခွင့်ပြုချက်အမျိုးမျိုးဖြင့် လက်ဝါးကြီးအုပ်ရယူထားမှုများလို့ ဆိုထားတာကြောင့် ခွင့်ပြုလိုက်ကတည်းက မှားယွင်းနေသလို လက်ဝါးကြီးအုပ်ရယူထားမှုလို့ဆိုထားတာကြောင့် မတရားသောနည်းဖြင့် ရယူပိုင်ဆိုင်ထားကြတာတွေလို အဓိပ္ပာယ်ကောက်ယူရမှာဖြစ်ပါတယ်။

နောက်တစ်ချက်က ကာလအတန်ကြာ လုပ်ကိုင်ကြသော မူလတောင်သူများ၊ လုပ်ပိုင်ခွင့်ရထားသူများအကြား အငြင်းပွားနေမှုများကို ပြန်လည်စိစစ်ပေးဖို့ဆိုထားတာကြောင့် ဒီနေရာမှာအခက်အခဲတွေအများကြီးဖြစ်နေမှာပါ။ တောင်သူဦးကြီးတွေအနေနဲ့ ကာလအတန်ကြာလုပ်ကိုင်ခဲ့ကြတဲ့ ဘိုးဘွားအစဉ်အဆက်လုပ်ကိုင်စားသောက်လာကြတယ်ဆိုပေမဲ့ တချို့က ပိုင်ဆိုင်မှုအထောက်အထားမရှိကြပါဘူး။ တစ်ချို့ကပိုင်ဆိုင်မှုအထောက်အထားရှိပေမဲ့လည်း ခွင့်ပြုချက်အမျိုးမျိုးဖြင့် လက်ဝါးကြီးအုပ်မတရားသိမ်းပိုက်သွားကြလို့ အခုလိုပြဿနာတွေဖြစ်ကြရတာပါ။ အထောက်အထားပိုင်ဆိုင်မှု မရှိတဲ့သူ၊ မတင်ပြနိုင်သူအတွက်ကတော့ ပြန်ရဖို့၊ မျှော်လင့်ဖို့ မဖြစ်နိုင်တော့ပါဘူး။ အထောက်အထားရှိတဲ့သူတွေကြတော့လည်း လက်ဝါးကြီးအုပ်ပြီး ခွင့်ပြုချက်အမျိုးမျိုးနဲ့ ရယူထားတဲ့အဖွဲ့အစည်း၊ ကုမ္ပဏီ၊ တပ်ရင်းတပ်ဖွဲ့များနှင့် တိုက်ရိုက်ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် မူလပိုင်ရှင်ဖြစ်တဲ့ တောင်သူများအနေနဲ့ ရင်ဆိုင်ဖို့ရန်သိပ်အားမရှိကြသလို အားငယ်နေကြရပါတယ်။ အင်အားကြီးသူနဲ့ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် အားကိုးရာရင်း နောက်ဆုံး ကျွန်တော်တို့ ကိုယ်စားလှယ်များထံကို ရောက်လာကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းမှုပြန်လည်စိစစ်ရေးကော်မတီနှင့် ပြန်လည်စိစစ်တဲ့နေရာမှာ အချက်ခုနစ်ချက်ဖြင့် စိစစ်ဖို့သတ်မှတ်ပေးထားပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီဖော်ပြပါအချက်ခုနစ်ချက်မှာ ပထမအချက်မှာပါတဲ့ ဥပဒေနှင့်မညီရုံနဲ့တင် တကယ်တမ်းတော့ ပြန်လည်စွန့်လွှတ်ပေးရမှာပါ။ ပိုင်ဆိုင်မှုပြုရန် မူလပိုင်ရှင်ကိုပိုင်ရှင်အဖြစ်သတ်မှတ်မှာလား။ သို့တည်းမဟုတ် ခွင့်ပြုချက်အမျိုးမျိုးနဲ့ ရယူသိမ်းပိုက်ထားသူကို ပိုင်ရှင်အဖြစ် သတ်မှတ်ပေးမှာလားဆိုတာ ရှင်းရှင်းလင်းလင်း မရှိပါဘူး။ ဒီနေရာမှာမူလပိုင်ရှင် ပိုင်ဆိုင်မှုအထောက်အထားရှိသူကို ပိုင်ဆိုင်ခွင့်ပြုရန်ဖြစ်ပေမဲ့ ခွင့်ပြုချက်အမျိုးမျိုးနဲ့ လက်ဝါးကြီးအုပ်သိမ်းပိုက်ထားသူတွေက ပြန်စွန့်လွှတ်မှ ရမလိုဖြစ်နေပါတယ်။ အချက်ခုနစ်ချက်လုံးကို စိစစ်မယ်ဆိုရင် သိမ်းပိုက်ထားသူကို အားပေးထားသလို ဖြစ်နေပါတယ်။ Power Point သိမ်းလို့ရပါပြီ။

နောက်တစ်ချက် မြို့နယ်အလိုက် ပြန်လည်စိစစ်ရေးကော်မတီက ဖွဲ့စည်းတဲ့နေရာမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးက ဥက္ကဋ္ဌ၊ မြို့နယ်မြေစာရင်းဦးစီးမှူးက အတွင်းရေးမှူး၊ ကိုယ်စားလှယ်တွေက အဖွဲ့ဝင်အဖြစ်သာ ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဆုံးဖြတ်ခွင့်၊ ပေးခွင့်မရှိလို့ ပေးလို့မရပါဘူး။ အထွေထွေအုပ်ချုပ်ရေးမှူးအနေနဲ့ ကျွန်တော်တို့ ပြောတာကို နားထောင်မှာလား၊ ပြည်ထဲရေးကပြောတာကို နားထောင်မှာလားဆိုတာ သုံးသပ်ကြရမှာပါ။ ဒီအခက်အခဲတွေကြောင့် အဆိုရှင်က ဒီအဆိုကိုတင်လိုက်တယ်လို့ ကျွန်တော်ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်မှာဖြစ်တဲ့ကိစ္စလေးကို အလျဉ်းသင့်လို့တင်ပြရရင် ကျွန်တော်တို့မြို့မှာ ၁၉၆၂ ခုနှစ်လောက်ကတည်းက တည်ထားတဲ့ ကမ္မဋ္ဌာန်းကျောင်းဆိုတာရှိပါတယ်။ အဲဒီကမ္မဋ္ဌာန်းကျောင်းနဲ့အနီးကပ်နေရာမှာ အမှတ်(၂၇၇)တပ်ရင်းကနေပြီးတော့ ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ တပ်တည်ဆောက်ခဲ့ပါတယ်။ အဲလိုတည်ဆောက်တဲ့နေရာမှာ ကမ္မဋ္ဌာန်းကျောင်းသွားတဲ့လမ်းကို တပ်ပိုင်အဖြစ်သိမ်းဆည်းသွားခဲ့ပါတယ်။ အခုဆို ကမ္မဋ္ဌာန်းကျောင်းကိုသွားဖို့အတွက် တပ်ဂိတ်က စစ်ဆေးမှုကိုခံယူပြီးမှ ကျွန်တော်တို့သွားနေရပါတယ်။ ဒါဟာဖြစ်သင့်တဲ့ကိစ္စဟုတ်/မဟုတ်စဉ်းစားကြည့်ကြပါ။ ကမ္မဋ္ဌာန်းကျောင်းကိုသွားဖို့အတွက် သွားရမည့်သူတွေ ဘယ်လိုခံစားရမလဲဆိုတာ စဉ်းစားကြည့်ရုံနဲ့သိနိုင်ပါတယ်။ ဒီကိစ္စကို တတိယပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် တင်ခဲ့သော်လည်း စတုတ္ထအပတ်ကိုလွှဲပြောင်းယူခဲ့ရပါတယ်။ သို့သော် မမေးလိုက်ရပါဘူး။ စတုတ္ထအပတ်အပြီး ပြန်သွားတဲ့အချိန်မှာ စာတိုက်ကနေပြီးတော့ အဖြေကိုလက်ခံရရှိခဲ့ပါတယ်။ ကတ္တရာလမ်းခင်းထားပြီးဖြစ်ကြောင်းနဲ့ တပ်ခြံစည်းရိုး အုတ်တံတိုင်း ကာထားပြီးဖြစ်ကြောင်း၊ မစွန့်လွှတ်နိုင်ကြောင်း ဖြေကြားလာပါတယ်။ တကယ်တော့ အုတ်တံတိုင်းအခုအချိန်အထိ မကာရသေးပါဘူး။ ကတ္တရာကတော့ မေးခွန်းတင်ထားတဲ့အခါမှ ခင်းထားကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဘယ်သူ့ကိုဆက်လက်တင်ပြရမလဲ။ ဘယ်လိုလုပ်ရမလဲ။ ဘယ်လိုလုပ်ရင်ရနိုင်မလဲဆိုတာဖြစ်လာပါတယ်။ အလျဉ်းသင့်လို့ ကိုယ့်မြို့နယ်ကကိစ္စကို တင်ပြခွင့်ရတဲ့အတွက် အဆိုရှင်ကိုလည်း အထူးကျေးဇူးတင်မိပါတယ်။

နိဂုံးချုပ်အနေနဲ့ သစ်ကုမ္ပဏီတွေဟာ သစ်ပုံဖို့ဆိုပြီးယူထားတဲ့ သစ်စိုက်မြေတွေ အဲဒီမြေတွေဟာ အခုဆိုလို့ရှိရင် သစ်ပုံထားခြင်းမရှိတော့ဘဲ ကုမ္ပဏီပိုင်မြေအဖြစ်နဲ့ ပုံစံ(၁၀၅) တွေထုတ်ပြီး ပိုင်ဆိုင်နေကြပါတယ်။ ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဘယ်နည်းဘယ်ပုံနဲ့ ဘယ်လိုထုတ်ပေးလိုက်ကြလဲမသိပါဘူး။ ဒါတွေဟာ နိုင်ငံတော်မြေကို အလွဲသုံးစားပြုလုပ်ထားကြတာပါ။ ပြန်လည်စိစစ်သင့်သလို၊ ဗဟို၊ ပြည်နယ်၊ ခရိုင် စစ်ဆေးရေးအဖွဲ့အနေနဲ့လည်း ကျွန်တော်တို့မြို့ကို လာရောက်ကူညီစစ်ဆေးပေးကြပါလို့ တိုက်တွန်းရင်းနဲ့အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ အခု ကျွန်တော်ကနီမဲဆန္ဒနယ် ကိုယ်စားလှယ်တော်ရဲ့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီအဖြစ် စစ်ဆေးပေးရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို အကောင်းမြင်ရှုထောင့်ကနေပြီးတော့ အကြံပြုဝေဖန်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့မြေစစ်ကော်မတီလုပ်ငန်းသည် အုပ်ချုပ်ရေးအာဏာနဲ့တရားဥပဒေပြုရေးအာဏာကို ပေါင်းစပ်ပြီးတော့ နစ်နာခဲ့သူတောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ဥပဒေဘောင်အတွင်းကနေ ကုစားပေးလိုတဲ့စေတနာအဖြစ် မူဝါဒချမှတ်အကောင်အထည်ဖော်တဲ့လုပ်ငန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီမိုကရေစီစနစ်မှာ

မူဝါဒတစ်ရပ်ချမှတ်အကောင်အထည်ဖော်တိုင်းမှာ ဥပဒေကို အခြေပြုပြီးတော့ ဖော်ဆောင်ကြပါတယ်။ တည်ဆဲဥပဒေကိုအသုံးချမယ်ဆိုရင်လည်းပဲ လုပ်ထုံးလုပ်နည်းအသေးစိတ်နဲ့ညွှန်ကြားချက်တွေ ထုတ်ပေးရပါတယ်။ ဆင့်ကဲဆင့်ကဲညွှန်ကြားချက်တွေကိုလည်းပဲ ထုတ်ပေးရပါတယ်။ နောက်တစ်နည်းကတော့ တည်ဆဲဥပဒေနဲ့မလုံလောက်ဘူးလို့ ယူဆရင် ဥပဒေအသစ်ပြုပြီးတော့မှ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းပြီးတော့ ညွှန်ကြားပေးရတာဖြစ်ပါတယ်။ ယခုမြေစစ်ကော်မတီသည် တည်ဆဲဥပဒေများကိုမူတည်ပြီးတော့ ဆောင်ရွက်တာကို တွေ့ရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေစစ်ကော်မတီရဲ့ကိစ္စကို မေးခွန်းတောင်တင်စရာမလိုဘူး။ ကိုယ်စားလှယ်တွေကိုယ်တိုင်ထဲထဲဝင်ဝင်ပါနေတာပဲလို့ တဖွဖွပြောတဲ့ကြားက ခုလိုအဆိုတွေ၊ မေးခွန်းတွေထွက်လာရတဲ့အကြောင်းအရင်းကို ကျွန်တော် သုံးသပ်လေ့လာစုံစမ်းပါတယ်။ အဲဒီအခါမှာ ဘာတွေ့ရလဲဆိုတော့ ဥပမာအနေနဲ့ပြရရင် ကျွန်တော်တို့မြို့နယ်က၊ ကျိုက္ကမီမြို့က ဒေါ်နီပါ လယ်သမားငါးဦးရဲ့အမှုဆိုရင် တိုင်တာလည်းဌာနကုန်သွားပြီ။ ခုထက်ထိကို ဘာအခြေအနေမှ ထွက်မလာတာတွေ့ရပါတယ်။ ဘာကြောင့်အဲဒီလိုဖြစ်လဲလို့ ကျွန်တော်သုံးသပ်ကြည့်တော့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေလိုလိုလားလားပူးပေါင်းပါဝင်တဲ့ မြို့နယ်တွေမှာတော့ ကျွန်တော်တို့အဆင်ပြေတာ တွေ့ရပါတယ်။ တချို့နေရာတွေမှာတော့ အဆင်မပြေပါဘူး။ အဲဒီလိုဖြစ်ရတဲ့အကြောင်းအရင်းကတော့ တိုင်စဉ်ကာလကလည်း တိုင်တဲ့သူက ရှိသမျှဌာနတွေအကုန်လုံးတိုင်သွားတော့။ အဲဒီမှာ သူတို့ လယ်/စီ အဖွဲ့နဲ့သွားပြီးတော့မှ စစ်ဆေးတာတို့၊ လွှတ်တော်ကော်မတီအား သွားစစ်တာတို့ဖြစ်ပြီးတော့မှ သုံးသပ်ချက်တွေ၊ မှတ်ချက်တွေပေးသွားတယ်။ အဲဒါကို မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးက သူ့အနေနဲ့သွားပြီးတော့၊ ကျော်လွှားပြီးတော့ မှတ်ချက်ပေးရမှာ တွန့်ဆုတ်နေတာတွေ့ရှိရပါတယ်။ နောက်တစ်ချက်က ထဲထဲဝင်ဝင်စုံစမ်းကြည့်တော့ အဲဒီရပ်/ကျေးမြို့နယ်တွေအတွက်ကို စေ့စပ်သေချာတဲ့လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်ကြီးတွေ အဆင့်ဆင့်မထုတ်ပြန်လာဘူးဆိုတာတွေ့ရပါတယ်။ သူတို့အနေနဲ့က ဘာဖြစ်လဲဆိုတော့ ဗဟိုမြေစစ်အဖွဲ့ရဲ့ (၁/၂၀၁၆)ရယ်၊ (၁/၂၀၁၇)ရယ်ကိုမျှသာကိုင်ပြီးတော့မှ သူတို့ရဲ့ အတွေ့အကြုံ၊ တည်ဆဲဥပဒေနှင့် လိုက်လျောညီထွေအောင် ဖြေရှင်းပေးရတယ်လို့ တွေ့ရှိရပါတယ်။ တချို့မြေနေရာတွေမှာကျတော့လည်း ဘယ်လိုဖြစ်လည်းဆိုရင် အတိတ်ကရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက ပါးစပ်နဲ့ပဲသိမ်းသွားတယ်။ ဒါငါ့မြေဖြစ်သွားပြီဆိုတဲ့ပုံစံမျိုးတွေကြတော့ အမှန်မှာက အဓမ္မကျူးကျော်သွားတဲ့ဟာမျိုး မြေ/စစ်ကော်မတီနဲ့စစ်ဖို့အတွက်ကို အခက်အခဲသွားရှိတာလည်း တွေ့ရှိရပါတယ်။ တိကျတဲ့သတ်မှတ်ချက်တွေ မတွေ့ရှိရတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ နောက်တစ်ချက်အားနည်းချက်ကဘာလဲဆိုရင် ရပ်/ကျေးအဆင့်မြေ/စစ်များက အဖွဲ့ဝင်များမှာဆိုရင် မြေတိုင်းစာရေးနဲ့ ရပ်ကွက်စာရေးမှအပ ပါဝင်တဲ့သူတွေဟာ ဥပဒေပိုင်းနဲ့စာပေဗဟုသုတတွေမပြည့်စုံတဲ့အတွက်ကြောင့် သူတို့တွေကို ကျွန်တော်တို့လုပ်ငန်းအကောင်အထည်ဖော်ချင်ရင် သင်တန်းကြိုပေးထားဖို့လိုတယ်ဆိုတဲ့အချက်တစ်ချက်ကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် သူတို့အရှေ့မှာဖြစ်ခဲ့တဲ့ ကာလတွေမှာ ပါဝင်ပတ်သက်တဲ့တချို့ဝန်ထမ်းများက အထက်အဖွဲ့အစည်းကိုရောက်ပြီးတော့မှ တချို့လည်း ပင်စင်သွားတယ်။ တချို့တော့လက်ရှိကို တာဝန်ထမ်းဆဲဖြစ်တဲ့အခါကျတော့ သူတို့အောက်ခြေအနေနဲ့ အထက်ကဖြစ်ပွားသွားတဲ့ဟာတွေကို သူတို့ပြန်တင်ပြဖို့အတွက်လည်း သူတို့မှာမဝံ့မရဲဖြစ်နေတာကို

တွေ့ရှိရပါတယ်။ အခိက ကျွန်တော်တို့ နှစ်ချက်လေးပဲ ဆောင်ရွက်ပေးခြင်းအားဖြင့် ပြေလည်အောင်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ အဲဒါကတော့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနပူးပေါင်းပြီးတော့ လိုအပ်တဲ့ညွှန်ကြားချက်တွေကို လုပ်ထုံးလုပ်နည်းအသေးစိတ်ပါတဲ့ညွှန်ကြားချက်ကို ဆင့်ကဲဆင့်ကဲညွှန်ကြားပြီးတော့ အောက်ခြေထိကို ညွှန်ကြားချက်ထုတ်ပြန်ဖို့လိုကြောင်းတွေ့ရှိရပါတယ်။ အခုအဆိုသည် အစိုးရတစ်ရပ်ထဲကိုသာလျှင် ပုံပြီးတော့မှ တိုက်တွန်းထားတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ကန့်ကွက်ပါတယ်။ ဒီလုပ်ငန်းသည် နိုင်ငံတော်အစိုးရရဲ့ တောင်သူတွေအပေါ် မှာထားတဲ့ အုပ်ချုပ်ရေးအာဏာနဲ့တရားဥပဒေပြုရေးအာဏာပူးပေါင်းပြီးတော့ အကောင်အထည်ဖော်ပေးတဲ့လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် အခုလိုမျိုး အစိုးရတစ်ရပ်ကို အုပ်ချုပ်ရေးအာဏာပိုင်တစ်ရပ်ထဲကိုသာလျှင် ပုံပြီးတော့မှ တိုက်တွန်းတဲ့အဆိုကိုတော့ ကျွန်တော့်အနေနဲ့ ကန့်ကွက်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ကနီမဲဆန္ဒနယ်က ဦးထွန်းထွန်းနိုင်ရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီရဲ့လုပ်ငန်းစဉ်ကို အဓိကသုံးဆင့်ခွဲခြားနိုင်မှာဖြစ်ပါတယ်။ အဲဒါတွေကတော့ (၁) မူဝါဒများ၊ စိစစ်ရမယ့်အချက်များချမှတ်ခြင်း၊ (၂)က စုံစမ်းစစ်ဆေးခြင်း၊ (၃)ဆုံးဖြတ်ထားတာတွေကို လက်တွေ့အကောင်အထည်ဖော်ပြီး စိစစ်ထားတာတွေကို တောင်သူလက်ဝယ်ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုကိုလေ့လာကြည့်မယ်ဆိုရင် ဒုတိယအဆင့်ဖြစ်တဲ့စုံစမ်းစစ်ဆေးခြင်းအဆင့်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်၊ မြေလွတ်၊ မြေလပ်လုပ်ပိုင်ခွင့်တွေကို နည်းမျိုးစုံနဲ့ရရှိထားတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနဲ့ မူလလက်ငုတ်တောင်သူများအကြားဖြစ်ပွားတဲ့အငြင်းပွားမှုများကို လယ်/ပြန်/စစ်ကော်မတီအနေနဲ့ လက်ခံစိစစ်စေလိုတာဖြစ်ပါတယ်။ ဗဟိုလယ်/ပြန်/စစ်ကော်မတီရဲ့ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး(၁/၂၀၁၆)ကို ဒုတိယသမ္မတဦးဆောင်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များတွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းကြပြီး အချက်(၂၁)ချက်ပါတဲ့ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်တွေကိုပဲအခြေခံပြီး မူဝါဒတွေ၊ စိစစ်ရမယ့်အချက်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ လယ်ပြန်စစ်ကော်မတီရဲ့ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး(၂/၂၀၁၆)မှာ ဒုတိယသမ္မတမိန့်ကြားရာမှာလည်း မြေကိစ္စများဖြေရှင်းဆောင်ရွက်ရာမှာ မူဝါဒများအနေနဲ့ သိမ်းဆည်းမြေများနဲ့စပ်လျဉ်းပြီး မူဝါဒ(၅)ရပ်၊ တပ်သိမ်းမြေများနဲ့စပ်လျဉ်းပြီးမူဝါဒ(၃)ရပ်၊ စိစစ်ရန်အနေနဲ့ကတော့ သိမ်းဆည်းမြေများနဲ့ပတ်သက်ပြီး စိစစ်ရန်အချက်(၆)ချက်၊ သိမ်းဆည်းပြီး

ပြန်လည်စွန့်လွှတ်တဲ့မြေနဲ့ပတ်သက်လို့ ပြန်လည်စိစစ်ရန်(၇)ချက်၊ စွန့်လွှတ်ခြင်းမရှိတဲ့မြေနဲ့ပတ်သက်လို့စိစစ်ရန်(၅)ချက်စတာတွေကို အလေးထားဆောင်ရွက်ဖို့တိုက်တွန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်အဆင့်မှာမြေယာကိစ္စတွေတိုင်ကြားတဲ့အခါမှာ ပုံစံအမျိုးမျိုးနဲ့တိုင်ကြားလာကြပါတယ်။ အဲဒီလိုတိုင်ကြားတဲ့အခါမှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက ကိုင်တွယ်ဆောင်ရွက်မယ့်ကိစ္စလား၊ လယ်ယာမြေနဲ့အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီက ပြန်လည်ဆုံးဖြတ်မှာလားဆိုတာကို အရင်ခွဲခြားရပါတယ်။ အကြောင်းကတော့ ပြည်သူတွေအနေနဲ့ မြို့နယ်မှာတာဝန်ရှိတဲ့သူတွေကို ဦးတည်ပြီးတိုင်ကြားပြီးတော့မှ မည်သည့်ကော်မတီက မည်သည့်လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာကို ကွဲကွဲပြားပြားမသိလို့ဘဲဖြစ်ပါတယ်။ သာမန်လယ်ယာမြေအငြင်းပွားမှုဆိုလို့ရှိရင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်နဲ့ စစ်ဆေးဆုံးဖြတ်ရမှာဖြစ်ပြီး သိမ်းဆည်းမြေများနဲ့ပတ်သက်လို့တော့ လယ်/ပြန်/စစ်ကော်မတီကစစ်ဆေးပေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာတင်ပြလိုတာက သိမ်းဆည်းမြေဆိုတာ ဘယ်လိုလဲ။ ဘယ်လိုမျိုးရယူသွားခဲ့ရင်သိမ်းဆည်းမြေလဲဆိုတာကို ရှင်းရှင်းလင်းလင်းသိမှသာ လယ်/ပြန်/စစ်အနေနဲ့ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုရှင်းလင်းမှုမရှိတဲ့အခါမှာ အောက်ခြေမှာတပ်သိမ်းမြေများဆိုလို့ရှိရင် ဝန်ကြီးဌာနကရယူထားတဲ့မြေ၊ နောက်ပြီးတော့မှ တပ်တွေကလိုအပ်လို့သိမ်းထားတဲ့မြေတွေကိုပဲသိမ်းဆည်းမြေလို့ အဓိပ္ပာယ်ဖွင့်ဆိုနေကြပါတယ်။ သိမ်းဆည်းမြေများနဲ့စပ်လျဉ်းလို့ ချမှတ်ထားတဲ့မူဝါဒ(၅)ရပ်မှာလည်း ရှင်းလင်းမှုမရှိတာကိုလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာမန်အားဖြင့် အဆိုရှင်တင်ပြထားတဲ့ မူလလက်ငုတ်တောင်သူများနဲ့လုပ်ပိုင်ခွင့်ရရှိသူများကြား အငြင်းပွားမှုဟာ သာမန်မြေယာအငြင်းပွားမှုအနေဖြင့်သာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်က စစ်ဆေးဆုံးဖြတ်နေကြတာဖြစ်ပါတယ်။ ပုံစံ(၇)ထုတ်ပေးပိုင်ခွင့်ထုတ်ပေးထားတဲ့ လယ်စီကော်မတီရဲ့ဆုံးဖြတ်ချက်တွေ၊ စိစစ်မှုတွေက မျှတမှုမရှိနိုင်ပါဘူး။ တကယ်တော့ ဒီလိုကိစ္စရပ်မျိုးက လုပ်ထုံးလုပ်နည်းနဲ့လုပ်ပိုင်ခွင့်ရှိသူရဲ့ လုပ်ပိုင်ခွင့်တို့ပူးပေါင်းအသုံးချပြီးတော့မှ တစ်ဖက်လှည့်မြေယာသိမ်းမှုမျိုးဖြစ်တာ အားလုံးအသိပါ။ ဒါပေမဲ့ ဒီလိုကိစ္စရပ်မျိုးကို လယ်/ပြန်/စစ်ကစစ်ဆေးနိုင်ဖို့ မူဝါဒမှာရောလုပ်ထုံးလုပ်နည်းမှာပါရှင်းလင်းစွာ တင်ပြထားတာကို မတွေ့ရှိရပါဘူး။ ဖော်ပြထားတာကို၊ ချမှတ်ထားတာကို မတွေ့ရှိရပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာ ကျွန်တော်ဖော်ပြထားတဲ့ ဒီအချက်တွေအရဆိုလို့ရှိရင် အနှစ်သာရအားဖြင့် အဆိုရှင်တင်ပြနေတဲ့ နည်းမျိုးစုံနဲ့လုပ်ပိုင်ခွင့်ရရှိထားသူများနဲ့၊ ဘိုးမဦးချကျလုပ်ကိုင်လာသူများကြားဖြစ်ပေါ်လျက်ရှိတဲ့ အငြင်းပွားမှုများကို ဒီလယ်/ပြန်/စစ်ကော်မတီက စုံစမ်းစစ်ဆေးဖို့မူဘောင်ပိုင်းမှာမသဲကွဲတာကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီလိုကိစ္စရပ်တွေနဲ့ပတ်သက်တဲ့မူဝါဒတွေ စိစစ်ရမယ့်အချက်များကို ပြင်ဆင်ဖြည့်စွက်သင့်ကြောင်းကို တင်ပြလိုပါတယ်။ တပ်သိမ်းမြေနဲ့ပတ်သက်လို့ အနေနဲ့ကလည်း မူဝါဒကိုပြန်လည်သုံးသပ်တဲ့အခါမှာ နံပါတ်(၃)အချက်မှာပါတဲ့လိုအပ်တဲ့ အကျယ်အဝန်းကိုသာ ရယူရမယ်လို့ဆိုထားပါတယ်။ လိုအပ်တဲ့အကျယ်အဝန်းကို တိတိကျကျသတ်မှတ်မထားတဲ့အတွက် လိုသလိုအဓိပ္ပာယ်ဖွင့်ဆိုလို့ရနေတဲ့အနေအထားမျိုး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီက လယ်/ပြန်/စစ်ဗဟိုကို တင်ပြထားတဲ့အချက်တွေမှာ ပိုမိုပြည့်စုံစွာအသေးစိတ်ဖော်ပြထားတာကို တွေ့ရပါတယ်။ ဥပမာ အားဖြင့် တပ်နဲ့တစ်ဆက်တစ်စပ်တည်းမရှိတဲ့ တပ်သိမ်းမြေများကို ပြန်လည်ပေးအပ်ရန်ဆိုတဲ့အချက် မျိုးဟာ အင်မတန်သင့်လျော်ပြီး မြေပြင်အနေအထားကို ထင်ဟပ်စေပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် ရွှေကျင်မြို့မှာ ခလရ(၅၇)တပ်ရင်းက သိမ်းဆည်းထားတဲ့မြေဟာ မိခင်တပ်ရင်းနဲ့ မိုင် ၂၀ ကျော်ခန့် ဝေးကွာပါတယ်။ တစ်ဆက်တစ်စပ်တည်းမရှိပါဘူး။ ပြန်လည်စွန့်လွှတ်ခြင်းမရှိတဲ့အပြင် ခေါမဦးချ လုပ်ကိုင်လာတဲ့ တောင်သူများက တရားစွဲဆိုခံထားရပါတယ်။ ပြည်သူ့လွှတ်တော် တောင်သူ လယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ ဗဟိုလယ်/ပြန်/စစ်ကို တင်ပြထားတဲ့အချက်များကို အလေးအနက်ထားပြီးတော့မှ မူဝါဒနဲ့စစ်ဆေးရမယ့်အချက်တွေမှာ ပြင်ဆင်ထုတ်ပြန်သင့်ပါတယ်။ ဘာလို့ထုတ်ပြန်သင့်သလဲလို့သုံးနှုန်းရသလဲဆိုရင် ကျွန်တော်တို့မြို့နယ်မြေအဆင့်မှာ စစ်ဆေးတဲ့ အခါမှာ ခုနကကျွန်တော်တင်ပြတဲ့မူဝါဒတွေ၊ စစ်ဆေးရမယ့်အချက်တွေကို မြို့နယ်လယ်စစ်ကော်မတီ ဝင်တွေလက်ထဲမှာကို မရှိဘူးဖြစ်နေပါတယ်။ ကျွန်တော်တို့ ကိုယ့်ဟာကိုယ်စုံစမ်းပြီးတော့မှ၊ ရှာဖွ ပြီးတော့မှ သူတို့ကိုပြန်ပြီးတော့မှ ဖြန့်ဝေပေးရတဲ့အနေအထားဖြစ်တဲ့အတွက် တိတိကျကျပြန်လည်ပြီး ထုတ်ပြန်ပေးဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လက်ရှိအစိုးရလက်ထက်မှာ မတရား သိမ်းဆည်းခံထားရတဲ့မြေယာများ ပြည်သူတို့လက်ဝယ်ပြန်လည်ပေးအပ်နိုင်ဖို့ လယ်/ပြန်/စစ် ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းအတွေ့အကြုံများ၊ အခက်အခဲများကို ပြန်လည်သုံးသပ်ကာ ပြင်ဆင်ထုတ်ပြန်ကျင့်သုံး စေခြင်းဖြင့် ပိုမိုထိရောက်စေမှာဖြစ်ပါကြောင်းဆွေးနွေးရင်း ကနီမဲဆန္ဒနယ်က ဦးထွန်းထွန်းနိုင်ရဲ့ အဆိုကို အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့ အဆိုကိုပေါ်မှာ အကြံပြုပြီးဝိုင်းဝန်းဆွေးနွေးပေးကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို များစွာကျေးဇူးတင်ရှိ ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်အနေနဲ့ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောတွေနဲ့ မြေလွတ်၊ မြေရိုင်းတွေမှာ လုပ်ပိုင်ခွင့် ခွင့်ပြုချက် အမျိုးမျိုးနဲ့ မြေယာလက်ဝါးကြီးအုပ်ရယူထားမှုတွေမှာ ကာလအတန်ကြာလုပ်ကိုင်ခဲ့ကြတဲ့ မူလ

တောင်သူတွေနဲ့ လုပ်ကိုင်ခွင့်ရသူတွေအကြား မြေယာငြင်းပွားမှုတွေကို လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီများနဲ့ ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ဖို့ ပြည်ထောင်စု အစိုးရကို တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ အဆိုနဲ့စပ်လျဉ်းပြီး အဆိုမှာပါဝင်တဲ့ ကိစ္စရပ်များအလိုက် စီမံခန့်ခွဲဆောင်ရွက်ရတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနတို့ရဲ့ ရှင်းလင်းဆွေးနွေးချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ပြီး ရှင်းလင်းဆွေးနွေးမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ သစ်တောကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောတွေမှာ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့်နှင့်စပ်လျဉ်းပြီး သစ်တောဥပဒေပုဒ်မ ၁၄ နဲ့ နိုင်ငံတော်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကနေ ယင်းတို့ရဲ့စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောတွေမှာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားခဲ့တဲ့ တောတွေ၊ တောအဆင့်အတန်း နိမ့်ကျနေပြီး ဓမ္မတာနည်းနဲ့မျိုးဆက်ဖို့ ခက်ခဲတဲ့ဧရိယာတွေမှာ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးမှုရှိပါတယ်။ အသေးစား၊ အလတ်စား စီးပွားရေးအသွင်နဲ့ ပုဂ္ဂလိကစိုက်ခင်းတွေတည်ထောင်ဖို့ဖြစ်မယ်ဆိုရင်လည်းပဲ ကျွန်းစိုက်ခင်းတွေကို ဧက ၅၀၀ အထိ သစ်မာစိုက်ခင်းတွေကိုလည်း ဧက ၁၀၀ အထိ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက် ရှိပါတယ်။ နိုင်ငံတော်မှာ သစ်တောဖုံးလွှမ်းမှုတိုးမြင့်လာဖို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတွေကို ၂၀၁၆ ခုနှစ်မှာ ပြင်ဆင်ရေးဆွဲထားတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ သစ်တောနယ်မြေနှင့် သစ်တောမြေပြင်ပ တို့မှာ ခွင့်ပြုပေးမှုရှိပါတယ်။ အဲဒီလို ပုဂ္ဂလိကသစ်တောစိုက်ခင်းတွေကို ခွင့်ပြုပေးတဲ့နေရာမှာ ချုပ်ဆိုထားတဲ့ နှစ်တို၊ နှစ်ရှည်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်တွေကို ဖောက်ဖျက်၍ပြီး စီမံချက်အတိုင်းဆောင်ခြင်းမရှိလို့ရှိရင်တော့ ပြန်လည်သိမ်းယူပါမယ်။ မူလသစ်တောမြေအဖြစ် ပြန်လည်ပြုစုပျိုးထောင်ပြီး မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်းအရ ဆောင်ရွက်သွားတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်မှာလည်းပဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးမှုမှာလည်းပဲ အဆိုပါဧရိယာရဲ့ သစ်တောဖုံးလွှမ်းမှုအခြေအနေနဲ့ စိုက်ပျိုးရန် ခွင့်ပြုသင့်၊ မသင့်အခြေအနေကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့တွေက စိစစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို ပြန်ကြားဆောင်ရွက်မှုရှိပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးမှုနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းတင်ပြရမယ်ဆိုရင် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းပဒေအခန်း(၂)၊ နည်းဥပဒေ ၁၀ အပိုဒ်ခွဲ(ခ)မှာ လျှောက်ထားတဲ့မြေမှာ လက်ရှိလုပ်ကိုင်နေသူ ရှိ/မရှိနဲ့ ကျူးကျော်လုပ်ကိုင်နေသူရှိ/မရှိ၊ ယခင်က လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားခြင်းရှိ/မရှိစိစစ်ဖို့ ပြဋ္ဌာန်းသတ်မှတ်ထားပြီးလည်းဖြစ်ပါတယ်။

မူကြမ်း

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့်၊ လုပ်ပိုင်ခွင့် လျှောက်ထားတဲ့ ဧရိယာအတွင်းမှာ ယခင်ကတည်းက လက်ရှိလုပ်ကိုင်ကြတဲ့ ဒေသခံတောင်သူ၊ လယ်သမားတွေရဲ့ စိုက်ပျိုးမြေနေရာများ ပါဝင်နေတာကို စိစစ်တွေ့ရှိရင် ၎င်းတို့အနေနဲ့ တရားဝင်လုပ်ပိုင်ခွင့်ရရှိခြင်း မရှိတဲ့တိုင်အောင် နစ်နာမှုမရှိစေဖို့အတွက် ၎င်းတို့ရဲ့ဆန္ဒအပေါ်မှာ ညှိနှိုင်းဆောင်ရွက်ပေးရမယ်ဆိုပြီးတော့လည်းပဲ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ အခန်း(၆)၊ နည်းဥပဒေ ၅၂ အပိုဒ်ခွဲ(ခ)မှာ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့အညီ စီမံဆောင်ရွက်လျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်ရရှိတဲ့သူတွေဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအခန်း(၆)၊ ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)အရ လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုတဲ့ နေ့ကစပြီး လေးနှစ်အတွင်းလုပ်ငန်းပြီးစီးအောင် အကောင်အထည်ဖော်ရတာ ဖြစ်ပါတယ်။ သတ်မှတ် ကာလကျော်လွန်ပြီး အကောင်အထည်ဖော်နိုင်ခြင်းမရှိတဲ့ ဧရိယာတွေကိုပြန်လည်သိမ်းပြီးတော့ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားတဲ့ မြေဧရိယာပေါ်မှာတော့ ခွင့်ပြုမိန့်စာအသစ်ပေးအပ်မှု အခြေအနေကိုလည်းပဲ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ယင်းလစ်လပ် သွားမယ့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုလည်းပဲ မည်သူမဆို လုပ်ထုံးလုပ်နည်းနဲ့အညီ လျှောက်ထားနိုင်ခွင့်အခြေအနေ ဖြစ်ပါတယ်။ အထက်ပါ ရှင်းလင်းတင်ပြချက်တွေဟာ သစ်တော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေမှာ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ချထားပေးရာမှာ လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးရာမှာလည်းကောင်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေဖြစ်ပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ဆွေးနွေးချက်အပေါ်မှာပြန်လည်တင်ပြခြင်း ဖြစ်ပါတယ်။

လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့် အနေနဲ့တော့ လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရခြင်းတွေကို ပြန်လည်စွန့်လွှတ်အပ်နှံလာမှု အပေါ်မှာ မူလတောင်သူတွေ လက်ဝယ်အရောက် ပြန်လည်ရရှိဖို့အတွက် ၎င်းတို့ကိုပေးထားတဲ့ လုပ်ငန်းတာဝန်နဲ့ တည်ဆဲဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရမှုအခြေအနေများ စိစစ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းတို့မှာလည်းပဲ အဖွဲ့ဝင်အဖြစ်ပါဝင်ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုပါ အသိပေးဆောင်ရွက်သွားဖို့ လည်းပဲ လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကနေ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၈-၁၂-၂၀၁၆ ရက်စွဲပါစာဖြင့် အဆင့်ဆင့်အကြောင်းကြား ဆောင်ရွက်ထားရှိမှု ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် သစ်တောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောတွေမှာ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ခွင့်ပြုတဲ့ကိစ္စရပ်အား သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သလိုလည်းပဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားရာမှာလည်းပဲ ယခင်ကတည်းကစပြီး လက်ရှိအခြေအနေအထိ စိုက်ပျိုးလုပ်ပိုင်ခွင့်ရှိတဲ့ မူလလက်ငုတ်တောင်သူများမပါရှိစေရေးနှင့် ပါရှိလို့ရှိရင်လည်းပဲ နစ်နာမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်

ရှိပါတယ်။ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ လည်းပဲ မှုနဲ့လုပ်ထုံးလုပ်နည်းများချမှတ်ပြီး သိမ်းဆည်းခံမြေများနှင့်ပတ်သက်၍ ၎င်းတို့ရဲ့ ပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်တွေကို တည်ဆဲဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိတဲ့အလျောက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ အဆိုအား မှတ်တမ်းတင်ထားရှိနိုင်ဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါခင်ဗျား။ အခုလို ကျွန်တော့်ရဲ့အဆိုကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်ကြီးများနှင့် လာရောက်ဆွေးနွေးဖြေရှင်းပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီအဆိုကိုတင်ရခြင်းနဲ့ပတ်သက်ပြီး နည်းနည်းလေးရှင်းပြချင်ပါတယ်။ ကျွန်တော်တို့ သစ်တောနှင့်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းတွေရဲ့ တည်ဆဲဥပဒေတွေမှာ ပြည်ထောင်စုအစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ လုပ်ပိုင်ခွင့်တွေဟာ ဒီသစ်တောနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေထဲမှာရှိပါတယ်။ အဲဒီတော့ အဲဒီလုပ်ပိုင်ခွင့်တွေအရ ပြည်ထောင်စုအစိုးရနှင့် ဒီသက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ဒီထဲမှာရှိတဲ့ပြဿနာတွေကို အဆိုထဲမှာပါသလို လုပ်ပိုင်ခွင့်ရထားသူတွေနဲ့ မူလလုပ်ကိုင်နေကြတဲ့တောင်သူတွေရဲ့ပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့မူကအရေးကြီးပါတယ်။ အဲဒီတော့ လုပ်ပိုင်ခွင့်အပြည့်အဝရှိနေတဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနတွေအနေနဲ့က သိမ်းမြေပြန်စစ်ကော်မတီတွေမှာလည်း အဆင့်ဆင့်ပါပါတယ်။ ပါပေပါငြားသော်လည်း တစ်ဖက်မှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ မူဝါဒအရ အမိန့်၊ ညွှန်ကြားချက်တွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ဥက္ကဋ္ဌကြီးကနေပြီးတော့ သိမ်ဆည်းမြေတွေရဲ့ အရေးနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင်ဆောင်ရွက်ကြဖို့ဆိုတဲ့နေရာမှာ ဝိဝါဒကွဲပြားစရာတွေလည်းရှိပါတယ်။ အဲဒီမှာ ဒီပြဿနာများကို တိကျရှင်းလင်းတဲ့ မူဝါဒတွေ၊ ညွှန်ကြားချက်တွေနဲ့ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ဟာက သိပ်ပြီးတော့အရေးပါတယ်လို့ထင်တဲ့အတွက် ဒီအဆိုကိုတင်ရခြင်းဖြစ်ပါတယ်။ ဆိုလိုရင်းကတော့ ကျွန်တော်တို့ သိမ်းမြေပြန်လည်စိစစ်ထဲမှာပါတဲ့ ဝန်ကြီးဌာနများရဲ့ သဘောထားဟာ အင်မတန်မှအရေးကြီးပါတယ်။ လုပ်ပိုင်ခွင့်တွေဟာ ဒီဝန်ကြီးဌာနတွေမှာပဲရှိပါတယ်။ ဥပဒေတွေအရ။ ခုနက ကျွန်တော်တို့ သံဖြူဇရပ်မဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ဟာကိုလည်း ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။ ဒီဟာက လွှတ်တော်နဲ့ ဝန်ကြီးဌာနတွေ အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်တယ်။ အစိုးရကို တိုက်တွန်းနေစရာမလိုဘူးဆိုတဲ့အပိုင်းပြောသွားတာရှိပါတယ်။ သစ်တောဥပဒေထဲမှာဆို ဒီသစ်တောမြေနှင့် ပတ်သက်လို့စွန့်လွှတ်ခြင်း၊ မစွန့်လွှတ်ခြင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့ သစ်တောဥပဒေပုဒ်မ ၇ မှာ ရှိပါတယ်။ အစိုးရရဲ့သဘောတူညီချက်နဲ့သာလျှင် ပြည်ထောင်စုဝန်ကြီးကနေ စွန့်လွှတ်ဖို့ဆိုတဲ့အပိုင်းတွေ ပါပါတယ်။ အဲဒီကျတော့ ဒီအစိုးရရဲ့သဘောထားကလည်း ဒီနေရာမှာအရေးကြီးတဲ့အတွက် ဒီစကားလေးကိုတော့ ထည့်သွင်းပြောကြားချင်ပါတယ်။ ကျွန်တော်တို့ ဒီမြေပြန်စစ်တစ်ခုတည်းနဲ့လည်း လုပ်လို့မရတဲ့အနေအထားလေးတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဝန်ကြီးဌာနများရဲ့ ရှင်းလင်းချက်ထဲမှာလည်း

သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနရဲ့ ရှင်းလင်းချက်ထဲမှာ ကျွန်တော်တို့ တည်ဆဲဥပဒေတွေ အရလည်းကောင်း၊ ဒီမြေပြန်စစ်ရဲ့ မူဝါဒများအရလည်းကောင်း ဆောင်ရွက်နေတဲ့နေရာလေး အပိုင်းလေးတွေရှိတယ်လို့ ပြောသွားတဲ့အတွက် မှတ်တမ်းတင်ဖို့ရန်ဆိုတဲ့ဟာကို တင်ပြသွားတာ ရှိပါတယ်။ ရှင်းလင်းပေးသွားတာရှိပါတယ်။ တင်ပြပါ မြေအငြင်းပွားမှုများကို ကျွန်တော်တို့ သိမ်းမြေပြန်စစ်မှ မစိစစ်ရသေးမီ စိစစ်ဆဲအခြေအနေတွေမှာ ခုနက ကျွန်တော်ပြောသလို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကနေပြီးတော့ သဘောထားနှင့်ညွှန်ကြားချက်တွေရှိတယ်။ ဥပမာ ကျွန်တော်တို့ တင်ပြချင်ပါတယ်။ ကျွန်တော်တို့ ဒီပြဿနာတွေဟာ ကျွန်တော့်နယ်မှာမှ မဟုတ်ပါဘူး။ တော်တော် များများရှိပါတယ်။ ကျွန်တော်တို့ကနီမြို့နယ်မှာ ပေါက်တွင်းတောင်မှာ ကျွန်တော်တို့လုပ်နေတဲ့ တောင်သူတွေမှာ ရွာလေးတွေဖြစ်နေပြီ။ သုံးလေးရွာလောက်ရှိနေပြီ။ နောက် အဲဒီထဲမှာကိုမှ ကျွန်တော်တို့ပြောရမယ်ဆိုရင် ဒီအခြေခံပညာကျောင်း၊ အလယ်တန်းကျောင်းအဆင့်တွေအထိဖွင့်ခွင့် ရနေတာတွေလည်းရှိနေပါတယ်။ သို့သော်ခုနကပြောတဲ့ သစ်တောမြေက ပယ်ဖျက်ဖို့ရန်ဆိုတဲ့ ပုံစံမျိုး နဲ့ ကျွန်တော်တို့ ဒီတောင်သူလယ်သမားတွေ လုပ်ပိုင်ခွင့်ရဖို့ရန်ဆိုတဲ့ပုံစံမျိုးတို့၊ သက်ဆိုင်ရာ ကျွန်တော်တို့ စောစောကတင်ပြခဲ့တဲ့ ကုမ္ပဏီတွေကို ပေးခွင့်လုပ်ပိုင်ခွင့်ပေးမလားဆိုတဲ့ ဒီပြဿနာ တတ်နေတဲ့နေရာမှာ ဝန်ကြီးဌာနကညွှန်ကြားတဲ့ ညွှန်ကြားချက်တွေထဲမှာ ကုမ္ပဏီကိုတော့ သူလုပ်နေ တဲ့မြေနေရာမှာ စိုက်ပျိုးထားတဲ့ ဧရိယာဧကနဲ့ နောက်ထပ်စိုက်ပျိုးဖို့ရန် မြေနေရာရှိရင် စာချုပ်အသစ် ချုပ်ပြီးတော့ မြေနေရာရှိသေးရင် ပေးဖို့ရန်အထိကို ကျွန်တော်တို့ပေးဖို့ရန် ညွှန်ကြားချက်ရှိတယ်။ သို့သော် ကျွန်တော်တို့ တောင်သူတွေအတွက်ကျတော့ ဘာပြောမလဲ။ ဒီမှာ ရွာတွေရှိတယ်။ ကျောင်းတွေရှိတယ်။ အဲဒီလိုရှိနေသည့်တိုင်အောင် တောင်သူတွေကျတော့ CF ပဲလုပ်ပါ။ သီးနှံ သစ်တောရောနှောစနစ်ပဲလုပ်ပါ။ အဲဒီလိုမှမလုပ်ရင် မထွက်မချင်းစဉ်ဆက်မပြတ် တရားစွဲဆိုပါဆိုတဲ့ ညွှန်ကြားချက်ထွက်တာရှိတယ်။ ဒါတွေဟာ ကျွန်တော်တို့ပြောရရင် သိမ်းမြေပြန်စစ်ထဲမှာပါတဲ့ ဝန်ကြီးဌာနပိုင်းကိုက အဲဒီလိုအနေအထားတွေရှိတဲ့အတွက် ဒီလိုအဆိုတင်ရခြင်းဖြစ်ပါတယ်။ အဲဒီ အတွက် ကျွန်တော်တို့ ဒီလိုပြဿနာတွေ၊ အခက်အခဲတွေရှိတဲ့အတွက် ကျွန်တော့်အဆိုကို မှတ်တမ်း တင်ဖို့ရာဆိုတဲ့ဝန်ကြီးရဲ့ အနေအထားကို ဝန်ကြီးတင်ပြတဲ့ ရှင်းလင်းချက်ဆိုတဲ့သဘောထားကို ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်ရုံတင်မဟုတ်ဘဲ လွှတ်တော်ကနေပြီး စောင့်ကြည့်ပေးဖို့ရာတင်ပြ လိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆို နဲ့စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဉက္ကဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးထွန်းထွန်းနိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဉက္ကဌ**။ ။ ဒီနေရာမှာ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုများနဲ့ စပ်လျဉ်းပြီး တော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေ အောက်ခြေမှာထဲထဲဝင်ဝင်ထိထိရောက်ရောက်ထိတွေ့ပြီးတော့ အောက်ခြေရဲ့အခြေအနေမှန်ကိုသိပြီးတော့ လွှတ်တော်ထဲမှာပြောနေတာ ကိုယ်စားလှယ်တွေ အာပေါက်တော့ပါမယ်။ ဝန်ကြီးဌာနတွေ သဘောပေါက်ဖို့တော့လိုပါပြီ။ ကျွန်တော်ပွင့်ပွင့်လင်းလင်း ပြောပါမယ်။ ခုနကပြောတဲ့ လယ်ယာမြေနဲ့သိမ်းဆည်းခံရမှုနဲ့ ပြန်လည်စိစစ်တဲ့အခါမှာ ပြန်လည်စွန့်လွှတ်ရမယ့်မူဝါဒတွေ၊ စိစစ်ရမယ့်အချက်တွေ ကျွန်တော်တို့ရှင်းရှင်းလင်းလင်း လွှတ်တော် ရဲ့ဆုံးဖြတ်ချက်ကို ချပြခဲ့ပါတယ်။ အဲဒီတော့ လွှတ်တော်ရဲ့ဆုံးဖြတ်ချက်ကို ရှင်းရှင်းလင်းလင်းပေးပို့ ထားရဲ့သားနဲ့ ဒီမူဝါဒတွေကို မရှင်းမလင်းမပြတ်သားအောင် ပုံပျက်ပန်းပျက်ပြန်လည်ပြီးတော့ ချမှတ်တာမျိုးတော့ ကျွန်တော်တို့လက်မခံနိုင်ပါဘူး။ ဒါဟာလွှတ်တော်ရဲ့ဆုံးဖြတ်ချက်ပါ။ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို ဝန်ကြီးဌာနများလိုက်နာရမှာဖြစ်ပါတယ်။ ဒါကျွန်တော် ပွင့်ပွင့်လင်းလင်းပြောပါမယ်။ အဲဒီလို မပြတ်မသားမရှင်းလင်းတွေဖြစ်တဲ့အခါကျတော့ အခုနက ကိုယ်စားလှယ်တွေဆွေးနွေးသလို အောက်ခြေမှာ လယ်သမားတွေက အသိမ်းလည်းခံရတယ်။ တရားလည်းစွဲခံရတယ်။ ထောင်လည်း ကျခံရတယ်။ ကိုယ်သာအဲဒီနေရာမှာဆိုရင် ကိုယ်ဘယ်လိုခံစားမလဲ။ ကိုယ်ဘယ်လိုနေမလဲဆိုတာကို စဉ်းစားဖို့တော့လိုပါတယ်။ ဒါကျွန်တော် ပွင့်ပွင့်လင်းလင်းပြောပါမယ်။ ကျွန်တော်တို့ကိုယ်စားလှယ် တွေက ကိုယ့်မဲဆန္ဒနယ်မှာ၊ ကိုယ့်ရပ်ကွက်မှာ၊ ကိုယ့်ကျေးရွာမှာ အောက်ခြေမှာတကယ်ဖြစ်ပျက် နေတာတွေကိုသိလို့ အခြေအနေမှန်တွေကို အဲဒီလွှတ်တော်မှာ အာပေါက်လောက်အောင်ပြောနေတာ။ ဝန်ကြီးဌာနတွေနဲ့ပြန်လည်ဖြေတဲ့အခါမှာ မူဝါဒတွေ၊ သဘောထားတွေ ယေဘုယျခြုံငုံပြီးတော့၊ အပေါ်ယံရှုပ်ပြီးတော့ဖြေမှာထက် မူဝါဒတွေ၊ စိစစ်ရမဲ့အချက်တွေပေါ်မှာ အကောင်အထည်ဖော်ဖို့၊ ထိထိရောက်ရောက်ဆောင်ရွက်ပေးဖို့တော့ လိုအပ်ပါတယ်။ အခုနကပြောတယ်။ လုပ်နေပါတယ်။ ဘယ်လိုလုပ်နေပါတယ်။ ဘယ်လိုလုပ်နေပါတယ်။ ကျွန်တော်တို့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ရဲ့ကာလနှစ်နှစ်ပြည့်တော့မယ်။ ဒီကိစ္စတွေဆွေးနွေးနေတာ။ ဘယ်လောက်ရာခိုင်နှုန်းပြန်ပေးပြီးလို့၊ ဘယ်လောက်ရာခိုင်နှုန်းစွန့်လွှတ်ပြီးလို့၊ ဘယ်လောက်ရာခိုင်နှုန်းစိစစ်ပြီးပြီလဲ။ တိတိကျကျဖြေဖို့တော့ နောင်ကိုလိုပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီအဆိုတွေဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ ဖြစ်နေတာ၊ မြို့နယ်အသီးသီးမှာဖြစ်နေတာ၊ နေရာဒေသတစ်ခုထဲမှာဖြစ်နေတာ မဟုတ်ပါဘူး။ ဒီမှာကိုယ်စားလှယ်တွေ အားလုံးဆွေးနွေးနေတာ ကြားရတာပင်လျှင် ယိုသူမရှက်မြင်သူရှက်ဖြစ်နေ တယ်။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်လို့တော့ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးနဲ့ ပတ်သက်လို့တော့ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါ။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့လည်း မှတ်တမ်းတင်ပြီးတော့ မျက်ခြေမပြတ်လေးလေးနက်နက် စောင့်ကြည့်နေမယ်ဖြစ်ကြောင်းကို အားလုံးကို ပြောကြားအပ်ပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၃။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၃၃ နာရီအချိန်တွင် ရပ်နားပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့**
**(၂၂.၁၁.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်**
**ပုဂ္ဂိုလ်များ**



**ဦးစိုင်းဝေါင်းဆိုင်ဟိန်း**
**(မောက်မယ် မဲဆန္ဒနယ်)**



**ဦးသက်နောင်**
**(လဟယ် မဲဆန္ဒနယ်)**



**ဦးသန်းစိုး**
**(သာစည် မဲဆန္ဒနယ်)**



**ဦးမြင့်ဦး**
**(သနပ်ပင် မဲဆန္ဒနယ်)**



**ဒေါ်မာမာခိုင်**
**(သထုံ မဲဆန္ဒနယ်)**



**ဦးလှကျော် (ဒုတိယဝန်ကြီး)**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်